မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊နတ်တော်လဆန်း ၁ ရက်၊ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်၊ သောကြာနေ့၊ အတွဲ(၄၈)၊ အမှတ်(၅၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ရန်ကုန်တိုင်းအတွင်း စက်မှုကဏ္ဍ *စာမျက်နှာ ၁၁ ကော်လံ ၁* ■

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ထွက်ရှိသမျှစပါးများကို ကုန်သည်နှင့် စီးပွားရေးအဖွဲ့အစည်းများက ကွင်းဆင်းဝယ်ယူ တောင်သူများထံ ဒေသပေါက်ဈေးအတိုင်း ပေးချေ

သတင်းခရီးသည်
မောင်မောင်မြင့်ဆွေ

ဓာတ်ပုံမှတ်တမ်း
ကျော်မြင့်သန်း(လမ်းမတော်)

စာမျက်နှာဖွဲ့စည်းမှု
မင်းထွန်း(မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်မြို့မှအထွက်တွင် ရောင်နီပျိုးစပြုနေပြီဖြစ်သည်။ လမ်းဘေးဝဲယာတွင် ရိတ်သိမ်းပြီးစ လယ်ကွင်းများ၊ ရိတ်သိမ်းရန်အသင့်ရှိနေသော စပါးခင်းများ၊ ရိတ်သိမ်းနေသော လယ်ကွက်များနှင့် စိမ်းစိုလန်းဆန်းနေသော စပါးစိုက်ခင်းများကို တစ်မျှော်တစ်ခေါ် တွေ့မြင်နေရသည်။

ဆက်လက်ထွက်ခွာ

မြန်မာ့လယ်ယာမြေ၏မြင်ကွင်းမှာ ရှုမငြီးဖွယ်ပင်၊ အရောင်အသွေးစုံစွာ ခြယ်မှုန်းထားသည့် လက်ရာမြောက် ပန်းချီကားတစ်ချပ်နှယ်....။ နံနက် ၁၁နာရီ၌ ပဲခူးမြို့သို့ ရောက်ရှိပြီး ပဲခူးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တိုင်းမန်နေဂျာ ဦးကျော်သန်း၊ တိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးဇော်မင်း(ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန)တို့နှင့်အတူ တောင်ငူမြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* *

ဒိုက်ဦးမြို့နယ် ဇေ ၃၀၀၀ စံပြစိုက်ကွင်းတွင် စပါးများ အောင်မြင်ဖြစ်ထွန်းနေသည်ကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် နိုဝင်ဘာ ၂၈ ရက်)

နိုင်ငံတော်သစ်တည်ဆောက်ရေး အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ် အခြေခံကောင်းများတိုးတက်ရရှိရန် မျိုးဆက်သစ်များ ကြိုးပမ်းစွမ်းဆောင်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ထူထောင်ရေးသည် အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသော နိုင်ငံသားအားလုံး၏ မွန်မြတ်သော အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ပင် ဖြစ်သည်။

နိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီးသည် တစ်မျိုးသားလုံးနှင့်သက်ဆိုင်ပြီး အရေးပါသော လုပ်ငန်းစဉ်ကြီးဖြစ်သည်။ ပြည်သူတစ်ရပ်လုံး နိုးကြားတက်ကြွသည့် အသိစိတ်ဓာတ်နှင့် ပူးပေါင်းပါဝင် ဆောင်ရွက်လာရန် စည်းရုံးရေးနည်းလမ်းဖြင့် အထောက်အကူပြုရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးကို တည်ထောင်ဖွဲ့စည်းခဲ့သည်။

အသင်းကြီးအနေဖြင့် ကျေးလက်ဒေသမှ ဗဟိုအဆင့်အထိ ဖွင့်လှစ်ခဲ့သော သင်တန်းများတွင် လူငယ်လူရွယ်များကို တက်ရောက်စေခဲ့ပြီး စိတ်ဓာတ်ကြံ့ခိုင်ရေးနှင့် အရည်အချင်းနှင့်အရည်အသွေးပါ ထက်မြက်ရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးနိုင်ခဲ့သည်။

နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင် အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးအတွက် စီမံချက်များ ချမှတ်ဆောင်ရွက်ရာ၌ အသင်းဝင် လူငယ်မောင်မယ်များသည် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပတ်သက်ဆက်နွှယ်နေသော ကဏ္ဍပေါင်းစုံ ပြုပြင်ပြောင်းလဲမှုများတွင် အသင်းဝင်များသည် နိုင်ငံတော်နှင့်အတူ ဦးထမ်း၊ ပဲ့ထမ်း စေတနာထားပြီး ဝိုင်းဝန်းလုပ်ဆောင်လျက်ရှိကြသည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အေးချမ်းမှု၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးခိုင်မာတောင့်တင်းမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုများသည် နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် အခြေခံလိုအပ်ချက်များဖြစ်ရာ ယင်းအခြေခံကောင်းများ တိုးတက်ရရှိရန် မျိုးဆက်သစ်လူငယ်များက ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီ ရုပ်မြင်သံကြား

၂၈-၁၁-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၁၅	၄။	မဟာဂီတချိုကြည်မြ
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၃၀	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၀	၇။	မြန်မာစာ မြန်မာစကား
၅း၀၀	၈။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံမဏိစိတ်ဓာတ်** (အပိုင်း-၂၆)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	စိုက်ပျိုးသုတ
	၂၀။	သာယာသီကြွေး ခေတ်ဆန်းတေး
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	မြန်မာဗီဒီယိုဇာတ်လမ်း **ရောဝတီရဲ့ မနက်ဖြန် (အပိုင်း-၃) (ဇာတ်သိမ်းပိုင်း)**

မြန်မာ-ထိုင်း နားအထူးကုဆရာဝန်ကြီးများ ပူးပေါင်းကုသမှု
ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၂၇

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့်အတူ နိုဝင်ဘာ ၂၅ရက် နံနက် ၉နာရီခွဲက နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀) မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ မျက်နှာ၊ မေးရိုးနှင့်ခံတွင်း ခွဲစိတ်ကုသဆောင်ရှိ မြန်မာ-ထိုင်း နားအထူးကုဆရာဝန်ကြီးများ ပူးပေါင်းကုသမှုလုပ်ငန်းကို သွားရောက်ကြည့်ရှုအားပေးသည်။ (အပေါ်ပုံ)

လှည့်လည်ကြည့်ရှု

ဝန်ကြီးနှင့်အဖွဲ့သည် ဧည့်ခန်းတွင် ထိုင်းနိုင်ငံ ESMU(Ear Surgery Mobile Unit)အဖွဲ့ခေါင်းဆောင် Professor Soontom Antarasena နှင့် တွေ့ဆုံနှုတ်ဆက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr.Bansarn Bunnag နှင့် မြန်မာ-ထိုင်း နှစ်နိုင်ငံ ကျန်းမာရေးကိစ္စများ ဆွေးနွေးကြကာ လူနာကုသဆောင်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ပြသလျက်ရှိ

မြန်မာနိုင်ငံ နားရောဂါအထူးကုသရေးအဖွဲ့ကို ပါမောက္ခ ဒေါက်တာသိန်းထွန်း ဦးဆောင်၍ အဖွဲ့ဝင်ရှစ်ဦးနှင့် ထိုင်းနိုင်ငံ နားရောဂါ အထူးကုအဖွဲ့ကို Professor Soontom Antarasena ဦးဆောင်ကာ အဖွဲ့ဝင် ၁၈ဦး ပူးပေါင်း၍ နားရောဂါ အထူးကုသမှုကို နေပြည်တော် ပြည်သူ့ဆေးရုံကြီးနှင့် နေပြည်တော်ပျဉ်းမနား ပြည်သူ့ဆေးရုံတို့တွင် ဆောင်ရွက်ပေးလျက်ရှိရာ နေ့စဉ် နားရောဂါလူနာများ လာရောက် ပြသလျက်ရှိကြသည်။

အခမဲ့တပ်ဆင်

ထိုင်းနိုင်ငံ နားရောဂါ အထူးကုသရေးအဖွဲ့သည် မြန်မာနိုင်ငံသို့ ကိုးကြိမ်မြောက် လာရောက် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး တောင်ငူနှင့် မအူပင်မြို့နယ်များသို့လည်း သွားရောက်ကုသပေးမည်ဖြစ်သည်။ မြန်မာ-ထိုင်း နားရောဂါအထူးကုသရေးအဖွဲ့ဝင်များသည် နားပြည်ယိုရောဂါ၊ နားစည်ပေါက်ရောဂါ၊ နားလေးရောဂါ၊ ဆေးထိုးဆေးစားမှုကြောင့်ဖြစ်ရသည့် နားလေးရောဂါ၊ မွေးရာပါနားလေးရောဂါများနှင့် နားကြားကိရိယာ (နားကြပ်)ကိုလည်း စမ်းသပ်စစ်ဆေးပြီး အခမဲ့တပ်ဆင်ပေးခဲ့ကြကြောင်း သိရသည်။

မြန်မာ-ထိုင်း နားရောဂါအထူးကုသရေးအဖွဲ့ဝင်များသည် နိုဝင်ဘာ၂၅ရက်မှ ၂၆ ရက်အထိ နားရောဂါဝေဒနာရှင်များအား စမ်းသပ် ခွဲစိတ်ကုသပေးရာ နေပြည်တော် ပြည်သူ့ဆေးရုံ ပြင်ပလူနာဌာနသို့ လာရောက် နားရောဂါပြသသူ ၂၅၇ဦး၊ အကြားအာရုံ စမ်းသပ်သူ ၂၀၄ဦး၊ နားကြပ် အခမဲ့ တပ်ဆင်ပေးသူ ၁၄ဦး၊ နားခွဲစိတ်ကုသပေးသူ ၇၀ နှင့် နေပြည်တော်ပျဉ်းမနား ပြည်သူ့ဆေးရုံ ပြင်ပလူနာဌာနသို့ လာရောက် နားရောဂါပြသသူ ၇၆၀၊ အကြားအာရုံ စမ်းသပ်သူ၆၈ ဦး၊ နားကြပ် အခမဲ့တပ်ဆင်ပေးသူ ၂၀ ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၁၁-၂၀၀၈ (သောကြာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**အဓိမာနနှင့် ငြိမ်းအေးခြင်း** တရားတော် (ဆရာတော် ဘဒ္ဒန္တ ဣန္ဒာဝုဓာဘိဝံသ)
၈း၀၀-၂း၀၀	ဖန်သားရုပ်မြင် စာဆိုသဘင် (စာရေးဆရာမောင်ဆုရှင်)
၈း၃၀-၂း၃၀	တေးဂီတအစီအစဉ်
၈း၃၅-၂း၃၅	Art Vision (သာစွရခိုင်ပန်းချီပြပွဲ)
၈း၅၀-၂း၅၀	တေးဂီတအစီအစဉ်
၈း၅၅-၂း၅၅	ယွန်းဖြစ်တည်ရာ ကျောက္ကာရွာ
၉း၀၅-၃း၀၅	Yangon Panorama (Canon New Product Launch)
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀-၃း၃၀	PC လုံခြုံရေး
၉း၄၅-၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀-၃း၅၀	Fashion Guide (ဒီဇိုင်နာ ဆန်းဘောက်ရာ၏ ဖက်ရှင်များ)
၁၀း၁၀-၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅-၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀-၄း၂၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀း၄၀-၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀-၄း၅၀	သီးနှံစိုက်ပျိုးအထွက်တိုး (မတ်ပဲအထွက်တိုးစရာ စိုက်ပျိုးနည်းပညာ)
၁၁း၀၀-၅း၀၀	လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၁း၂၀-၅း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅-၅း၂၅	**'ဒါ' ဖောရိန်းမိတ်တဲ့လားဗျာ** ထူးသာ၊ ညီရော်၊ ဆုပန်ထွာ [ဒါရိုက်တာဝေဠု(ဝသန်)]
၁၁း၃၅-၅း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀-၅း၄၀	နေချင်စဖွယ် အိမ်အလှဆင်ကြမယ်
၁၁း၅၅-၅း၅၅	ဂီတသံစဉ်အလှဆင် 'ခင်ယုမေ'
၁၂း၁၀-၆း၁၀	ACT အေးချမ်းသာ ပရဟိတကျောင်း
၁၂း၄၀-၆း၄၀	များများသယ်၊ မြန်မြန်ပို့၊ ပြည်သူတွေစိတ်ချမ်းသာဖို့
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြောက်ဥက္ကလာပစက်မှုဇုန်
စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းရှင်များတွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၂၇

မြောက်ဥက္ကလာပစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီနှင့် လုပ်ငန်းရှင်များ တွေ့ဆုံပွဲ အခမ်းအနားကို နိုဝင်ဘာ၂၅ရက် နံနက်၉နာရီခွဲက မြောက်ဥက္ကလာပစက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်က စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးကိစ္စရပ်များနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး **(အောက်ပုံ)** လူဝင်မှုနှင့် မှတ်ပုံတင်ရေးဆွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်ဝင်းက အလုပ်သမားများအားလုံး မှတ်ပုံတင်ရရှိရေးကိစ္စကို ဆွေးနွေးခဲ့ပြီး စည်ပင်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းက စည်ပင်သာယာရေး လုပ်ငန်းနှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန စခန်းမှူး ဦးတင်ထွန်းအောင်က စက်မှုဇုန်အတွင်း မီးဘေးလုံခြုံရေး ကြိုတင်ဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးပြောကြားကြသည်။

ထို့နောက် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အထက်အဖွဲ့အစည်းများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရေး၊ လျှပ်စစ်မီးများ စနစ်တကျသုံးစွဲနိုင်ရေးနှင့် ဖြိုးစေတနာဆေးခန်း ဖွင့်လှစ်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားကြကြောင်း သိရသည်။ **(စက်မှုဇုန်)**

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်ခင်ပြုံးကြည်အား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

✻ ကျောဖုံးမှ

ဝတ္ထုရှည်ဆုတွင် ဆူးငှက်၏ **"တိမ်ယံအိပ်မက် မိုးထက်နရီ"**၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် နေဝင်းမြင့်၏ **"အိမ်ကလေး ၁၆ လုံး"**၊ ကဗျာပေါင်းချုပ်ဆုတွင် သန်းအောင်(အညာမြေ)၏ **"အမေ့အလှ ပန်းအလှ"**၊ စာပဒေသာဆုတွင် တက္ကသိုလ်စိန်တင်၏ **"ဘွားဦးဇွန်း"**၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုတွင် စန္ဒာခင်၏ **"နံ့ရံပန်းချီမှ ပြောသော ပုဂံခေတ်ပုံရိပ်များ"**၊ ကလေးစာပေဆုတွင် မောင်မြင့်ထွန်း၏ **"မင်္ဂလာနံနက်ခင်း ကလေးကဗျာများ"**၊ လူငယ်စာပေဆုတွင် လက်ာရည်ကျော်၏ **"ကြိုးကြာတောင်ပံခတ်သံ"**၊ ဘာသာပြန် (သုတ) စာပေဆုတွင် လှိုင်သင်း၏ **"လူ့ယဉ်ကျေးမှုသမိုင်း အရှေ့တိုင်းကရသောအမွေ (သုံးတွဲ)"**၊ ဘာသာပြန် (ရသ) စာပေဆုတွင် တင်မောင်မြင့်၏ **"အနက်ရောင်အိပ်မက် စိမ်းမြမေတ္တာ"**၊ သုတပဒေသာ(ဝိဇ္ဇာ)ဆုတွင် မောင်သန်းဆွေ (ထားဝယ်)၏ **"ရတနာဂီရိနိဒါန်း"**၊ သုတပဒေသာ(အသုံးချသိပ္ပံ)ဆုတွင် ဒေါက်တာချစ်၏ **"ကျေးလက်စီးပွား ပြည်သူ့အား"** တို့က အသီးသီး ရရှိကြသည်။

အမျိုးသားစာပေဆုတွင် ဘာသာရပ် ၁၄ မျိုးရှိသည့်အနက် သုတပဒေသာ (ရိုးရိုးသိပ္ပံ)၊ ပြဇာတ်စာပေနှင့် နိုင်ငံရေးစာပေတို့အတွက် ဆုများချီးမြှင့်နိုင်ခြင်းမရှိကြောင်း သိရသည်။

ဆက်သွယ်ပေးပို့

ဆုရသူများသည် ရန်ကုန်မြို့ အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန် စာတည်းမှူးချုပ် တယ်လီဖုန်းအမှတ် ၀၁- ၂၄၀၀၄၈၊ စာတည်းမှူး တယ်လီဖုန်းအမှတ် ၀၁-၂၄၉၂၃၀ နှင့် ဌာနခွဲမှူး (စီမံ) တာဝန်ခံ တယ်လီဖုန်းအမှတ် ၀၁-၃၈၁၄၄၉ တို့သို့ အမြန်ဆက်သွယ်ကြရန်နှင့် ၅ လက်မ X ၇ လက်မ ရောင်စုံဓာတ်ပုံတစ်ပုံနှင့် ၁လက်မ X ၁လက်မအရွယ်တစ်ပုံစီ အမြန်ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမကြီးတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်စဉ်ဆင်နွှဲ စာဆိုပွဲ

✻ သဇင်နှင်းခ၊ ပေမန္တရာသီ
စာဆိုတော်ပွဲ၊ ဆင်နွှဲခါတော်မီ
ဦးခိုက်တင်ချီ၊ အဉ္စလီပဏာမ
သက်ကြီးရွယ်အို၊ မြတ်စာဆို
ကြည်ညိုကန်တော့ကြသည်နှင့်လေး။

✻ ကျေးဇူးကြီးလှ၊ ဘဝတစ်လျှောက်မှာ
ကလောင်ကိုင်လျက်၊ ထမ်းရွက်ပြည့်ဝန်တာ
ဝတ္ထုကဗျာ၊ စာအမျိုးမျိုး
ပြည်သူ့ရင်မှာ၊ သိပညာ
တင်ကာလှို့ဆော်နှိုးသည်နှင့်လေး။

✻ နိုင်ငံနှင့်လူမျိုး၊ အကျိုးပြုစာပေ
မျိုးချစ်စိတ်ဓာတ်၊ ခိုင်မတ်ရှင်သန်စေ
ရေးဖွဲ့ကြပေ၊ ပြေ(ပြည်)နိုင်ငံ့အရေး
အမျိုးသားစာပေ၊ ဆုတွေတွေ
မသွေချီးမြှင့်ပေးသည်နှင့်လေး။

✻ ချမ်းမြမြအေး၊ ဖွေးဖွေးနှင်းမှုန်လွှာ
မြန်ပြည်အဝှမ်း၊ ခြုံလွှမ်းဇာပဝါ
နတ်တော်လမှာ၊ ပြည်ရွာခြိမ့်သဲ
ရက်မြတ်ခါတွင်၊ စာသဘင်
ဆင်ယင်ကျင်းပနွှဲသည်နှင့်လေး။

တူပျော်တွဲရွှင်စရာ မင်္ဂလာတစ်မျိုးဝင့်ရော့မည်။
ပူဇော်ပွဲသဘင်မှာ စဉ်အလာမညိုးတင့်တော့သည်။ ။

မောင်ရွှေနွယ် (အင်းလေး)

[မြန်မာ့အလင်း] သတင်းပဒေသာ အတိုအထွာ

ရန်ကုန် နိုဝင်ဘာ ၂၇

ကနောင်အသင်း သက်ကြီးပူဇော်ပွဲကျင်းပမည်

ကနောင်အသင်း(ရန်ကုန်)၏ ပဉ္စမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ် ၁၅ နတ်မောက်ရိပ်သာလမ်း ဆုထူးပန်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဘတ်စကက်ဘောပြိုင်ပွဲကျင်းပမည်

၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အလွတ်တန်းနှင့် သက်တန်းအလိုက် ဘတ်စကက်ဘောပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အထက(၂)မြောက်ဥက္ကလာပ အာစရိယပူဇော်ပွဲ

၁၉၆၇ ပညာသင်နှစ်မှ ၂၀၀၈ ပညာသင်နှစ်အထိ အထက(၂) မြောက်ဥက္ကလာပတွင် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ၁၁ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် လှူဒါန်းနိုင်

ရန်ကုန်တိုင်းအတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် မြေ၊ အဆောက်အအုံ၊ ငွေပဒေသာပင်၊ မီဒီယာပစ္စည်းနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းပွဲကို ဒီဇင်ဘာ ၁ရက်တွင် ကျင်းပမည်ဖြစ်ရာ စေတနာရှင်၊ အလှူရှင်များအနေဖြင့် မိမိလှူဒါန်းလိုသည်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်း ရုံးအမှတ် ၂၂-၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၄၂၇၀၊ ၀၁-၃၇၃၃၃၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

အုတ်တွင်းအထက ရွှေရတုမြတ်ဆရာပူဇော်ပွဲ

အုတ်တွင်းအထက ကျောင်းသားဟောင်းများ၏ ရွှေရတုမြတ်ဆရာပူဇော်ပွဲကို အထကကျောင်းတော်ကြီးရှိ မင်္ဂလာခန်းမ၌ ဒီဇင်ဘာ ၂၇ ရက်မှ ၂၈ရက်အထိ နှစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

ဘားအံကောလိပ် မြတ်ဆရာပူဇော်ပွဲ

ဘားအံကောလိပ်တွင် ၁၉၈၃ခုနှစ်မှ ၁၉၈၆ခုနှစ်အတွင်း ပညာသင်ကြားပို့ချခဲ့သော ဆရာကြီး ဆရာမကြီးများအား တတိယအကြိမ် ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၁ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီမှ ၁၁နာရီအတွင်း ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်း စိမ်းလန်းစိုပြည်ဥယျာဉ်၌ ကျင်းပမည်ဖြစ်သည်။

အထက(၃)ဗိုလ်တထောင် အာစရိယပူဇော်ပွဲ

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ၁၄ရက် (တနင်္ဂနွေနေ့)တွင် အထက(၃) ဗိုလ်တထောင် သစ္စာခန်းမ သစ်သားကျောင်းဆောင်၌ ကျင်းပမည်ဖြစ်သည်။

ကျွန်းလှမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ကျွန်းလှမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကို နိုဝင်ဘာ ၃၀ရက် နံနက် ၉ နာရီတွင် အောင်စေတီကျောင်းတိုက် အမှတ်(၇) ဆဒ္ဒါန်လမ်း ဆင်မင်းရပ်ကွက် အလုံမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။

ရေစကြိုအထက(၁) အာစရိယပူဇော်ပွဲကျင်းပမည်

ရေစကြိုမြို့ အထက(၁)တွင် တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူသွားကြသော ဆရာကြီး ဆရာမကြီး ၇၇ဦးတို့အား ကျောင်းသား ကျောင်းသူဟောင်းများက ဧကာဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၇ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေစကြိုမြို့ အထက(၁) မြတမာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

တောင်ငူဂျီတီအိုင် ကျောင်းသား/သူဟောင်း အာစရိယပူဇော်ပွဲ

တောင်ငူဂျီတီအိုင် ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကို ဒီဇင်ဘာ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းတည့်၁၂နာရီအထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရှစ်မိုင်လမ်းဆုံ ရွှေဘဲစားတော်ဆက်တွင် ကျင်းပမည်ဖြစ်သည်။

စုစည်းရေးသားသူ- အထက်မင်းလှညွှန့်အောင်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် နေပြည်တော်ပျဉ်းမနားရှိ ပေါင်းလောင်းရေလှောင်တမံ ရေထိန်းတံခါးကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❒ ကျောဖုံးမှ

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်သည် နေပြည်တော်ပျဉ်းမနားရှိ ပေါင်းလောင်းရေလှောင်တမံသို့ ရောက်ရှိပြီး တမံအတွင်း ရေဝင်ရောက်မှု၊ ရေဝင် ရေသွင်းမြောင်း၏ ရေဝင်ထွက်မှုများ၊ ရေပိုလွှဲနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ပေါင်းလောင်းရေလှောင်တမံ စီမံကိန်းသည် နိုင်ငံတော်စီမံကိန်းဖြစ်သည့်အတွက် ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ စဉ်ဆက်မပြတ် လျှပ်စစ်မီးရရှိရေး၊ ပတ်ဝန်းကျင်ဒေသ စိမ်းလန်းစိုပြည်ရေးတို့ကိုဆောင်ရွက်ရန် မှာကြားသည်။

ပေါင်းလောင်းရေလှောင်တမံ

အဆိုပါပေါင်းလောင်းရေလှောင်တမံသည် ကျောက်ဖြည့်တမံ အမျိုးအစားဖြစ်ပြီး တမံအမြင့်ပေ ၄၃၀နှင့် တမံအလျားပေ ၄၁၀၀ရှိကာ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၅၆၀၀၀၀၊ ကန်ရေသေရေလှောင်ပမာဏမှာ ၂၈၃၇၆၀ ဧကပေဖြစ်ပြီး ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာမှာ ၄၁၀၂ ဧကရှိပြီး အကျိုးပြုလယ်မြေဧက၅၀၀၀၀ကို ရေပေးဝေလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ပေါင်းလောင်း မြေအောက်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး စက်ရုံ၏ ထိန်းချုပ်ရေးအခန်း၊ တာဘိုင်များလည်ပတ်နေမှုနှင့် စက်ခန်းများအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထုတ်လုပ်ဖြန့်ဖြူး

အဆိုပါ ပေါင်းလောင်းမြေအောက်လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် မဂ္ဂါဝပ် ၇၀ လေးလုံးဖြင့် လည်ပတ်လျက်ရှိပြီး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ယူနစ်သန်းပေါင်း ၉၁၁ သန်း လျာထားထုတ်လုပ်ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

ဖြန့်ဖြူးပေးလျက်ရှိ

စက်ရုံမှထုတ်လုပ်သော လျှပ်စစ်ဓာတ်အားများကို ၂၃၀ ကေဗွီ ဓာတ်အားနှစ်လိုင်းဖြင့် နေပြည်တော်ပျဉ်းမနား ဓာတ်အားခွဲရုံမှတစ်ဆင့် မဟာဓာတ်အားလိုင်းပေါ်သို့ ပို့လွှတ်ပြီး တစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်သည် မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာရာ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

သထုံ စိုက်ပျိုးရေးသိပ္ပံ မြတ်ဆရာပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၇

သထုံစိုက်ပျိုးရေးသိပ္ပံ၌ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ယခုနှစ် ဒီဇင်ဘာ ၂၇ရက် (စနေနေ့)တွင် ကျင်းပရန် စီစဉ်ထားသည်။

ဆရာများ၊ ကျောင်းသားဟောင်းများထံသို့ ပြည်နယ်၊ တိုင်းအလိုက် ဖိတ်စာများဖြန့်ဝေလျက်ရှိရာ အလှူငွေပေးပို့လှူဒါန်းရန်အတွက် အကျိုးဆောင်များဖြစ်သော ဦးညွန့်ဆွေ ဖုန်း-၀၈၅-၂၂၀၄၈၊ ဦးသန်းနွယ် ဖုန်း-၀၅၃-၂၄၃၇၅၊ ဦးစိုးသိန်း ဖုန်း-၀၉-၈၅-၇၅၃၉၃၊ ဦးစိုးတင် ဖုန်း-၀၁-၂၉၃၄၇၆၊ ဦးစိန်လင်း ဖုန်း-၀၅၇-၄၀၁၂၃၊ ၂၅၇နှင့် ကျောင်းအုပ်ကြီး ဖုန်း-၀၅၇-၄၀၀၇၅တို့သို့ ဆက်သွယ်လှူဒါန်းကြရန်၊ ရန်ကုန်မှ သထုံသို့ ဒီဇင်ဘာ၂၆ရက် နံနက်၁၀နာရီတွင် ထွက်ခွာမည့် အထူးယာဉ်ဖြင့် လိုက်ပါလိုသော ဆရာများ၊ ကျောင်းသားများ ဦးစိုးညွန့် ဖုန်း-၀၁-၅၁၄၁၈၆ ထံ ဆက်သွယ်စာရင်းပေးကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြော

ရန်ကုန် နိုဝင်ဘာ ၂၇

လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် နိုဝင်ဘာ၂၆ရက်က ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ဟောပြောပွဲ၊ ပန်းချီ၊ ကာတွန်းနှင့် စာစီစာကုံးပြိုင်ပွဲများကျင်းပရာ မြို့နယ်ကျောင်းကျန်းမာရေးဆရာဝန်ကြီး၊ ကျောင်းအုပ်ကြီးနှင့် ဆရာမများ၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြော

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာသိင်္ဂီကျော်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်း ခုခံကျကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာခင်မောင်ရင်က ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးအကြောင်းကို အပိုင်းကိုးပိုင်းခွဲ၍ ဟောပြောကြောင်း သိရသည်။

(ယာပုံ) (မြန်မာ့အလင်း)

အမေရိကန်စီးပွားရေး ကျဆင်းလာမှု တတိယသုံးလပတ်အတွင်း ပို၍ဆိုးရွားလာခဲ့

ဝါရှင်တန် နိုဝင်ဘာ ၂၇

အမေရိကန်စီးပွားရေးမှာ ၂၀၀၈ ခုနှစ် တတိယသုံးလပတ်ဖြစ်သည့် ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများအတွင်းတွင် မူလလျာထားသည်ထက်ပိုဆိုးရွားပြီး ၀ ဒသမ ၅ ရာခိုင်နှုန်း ကျုံ့သွားကြောင်း ကူးသန်းရောင်းဝယ်ရေးဌာနက နိုဝင်ဘာ ၂၆ရက်၌ ကြေညာသည်။

ခန့်မှန်း

ဤတတိယသုံးလပတ်ကာလ အတွင်းတွင် အမေရိကန်စီးပွားရေးမှာ သုည ဒသမ ၃ ရာခိုင်နှုန်းသာ ကျုံ့သွားမည်ဟု လွန်ခဲ့သည့် တစ်လက ခန့်မှန်းထားသည်။ ၂၀၀၁ခုနှစ် တတိယသုံးလပတ်နောက်ပိုင်း အဆိုးရွားဆုံး အခြေအနေဖြစ်ကြောင်းသိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်း အမာလီအရပ်၌ နိုဝင်ဘာ ၂၂ရက်က ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်နှင့်ဂျပန် နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေး တရုတ်သမ္မတ ဟူကျင်တောင် နှိုးဆော်

အေသင် နိုဝင်ဘာ ၂၇

တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် ယဉ်ကျေးမှုနယ်ပယ်တွင် အတွေ့အကြုံချင်းဖလှယ်မှု အခိုင်အမာ တည်ဆောက်သွားရန် မျှော်လင့်ကြောင်း ဂျပန်နိုင်ငံသို့ရောက်ရှိနေသည့် တရုတ်သမ္မတဟူကျင်တောင်က နိုဝင်ဘာ ၂၅ ရက်တွင် ပြောကြားလိုက်သည်။

ဆောင်ရွက်

ယဉ်ကျေးမှု အမွေအနှစ်ကြွယ်ဝမှုကို ဂုဏ်ယူလျက်ရှိသည့် မိမိတို့နှစ်နိုင်ငံစလုံးသည် နိုင်ငံရေးနှင့်စီးပွားရေး နယ်ပယ်တွင်သာမကဘဲ၊ ယဉ်ကျေးမှု နယ်ပယ်ပါ လက်ချင်းတွဲ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ဂျပန်သမ္မတကာရိုလော့စ်နှင့် တွေ့ဆုံအပြီးတွင် တရုတ်သမ္မတဟူက ပြောကြားသည်။

ယုံကြည်

နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်ချင်းဖြင့် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းပြီး ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရာရောက်မည်ဟုလည်း ယုံကြည်ကြောင်း တရုတ်သမ္မတကြီးက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် နိုဝင်ဘာ ၂၇ရက်က အမေရိကန်သံရုံးအနီး နိုင်ငံစုံတပ်ဖွဲ့ဝင်ယာဉ်တန်းများကို အသေခံကားဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားတစ်စီးကို တွေ့ရစဉ်။ (အဆိုပါ တိုက်ခိုက်မှုကြောင့် အရပ်သား တစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့သည်။) **(အင်တာနက်ဓာတ်ပုံ)**

အာဖဂန်နစ္စတန်တောင်ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲ အန္တရာယ်ပိုများလာ၍ တပ်ဖွဲ့ဝင်များရုပ်သိမ်းရန် နိုင်ငံများကစီစဉ်

ကဘူးလ် နိုဝင်ဘာ ၂၇

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း အော်ရုဇ်ဂန်ပြည်တွင် နိုဝင်ဘာ ၂၇ရက်နံနက်က လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်နစ္စတန်အရာရှိများက ပြောကြားသည်။

ဖြန့်ချထား

ယခုသေဆုံးသည့်တပ်ဖွဲ့ဝင်မှာ အာဖဂန်နစ္စတန်နိုင်ငံတွင် ဖြန့်ချထားသော ဩစတြေးလျတပ်ဖွဲ့မှတပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည်။ အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း အော်ရုဇ်ဂန်ပြည်နယ်တွင် ၂၀၀၂ခုနှစ်ကတည်းက ဩစတြေးလျတပ်ဖွဲ့ဝင် ၃၃၀ ဖြန့်ချထားသည်။

သေဆုံး

ဩစတြေးလျတပ်ဖွဲ့ဝင်များ မော်တော်ယာဉ်တစ်စီးဖြင့် ကင်းလှည့်စစ်ဆေးမှုများပြုလုပ်စဉ် လမ်းဘေးဗုံးပေါက်ကွဲထိမှန်ခဲ့ပြီး ဩစတြေးလျတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ယခုသေဆုံးသည့် တပ်ဖွဲ့ဝင်အပါအဝင် အာဖဂန်နစ္စတန်နိုင်ငံ၌ ၂၀၀၂ခုနှစ်ကတည်းက သေဆုံးသည့် ဩစတြေးလျတပ်ဖွဲ့ဝင်ပေါင်းမှာ ခုနစ်ဦးရှိပြီဖြစ်သည်။

အန္တရာယ်ကြီးမား

အာဖဂန်နစ္စတန်တွင် မိမိတို့တပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်နေသည်မှာ အန္တရာယ်ကြီးမားကြောင်း အာဖဂန်နစ္စတန်နှင့် ပတ်သက်သည့် မူဝါဒကိုပြောင်းလဲသင့်ပြီဖြစ်ကြောင်း ဩစတြေးလျစစ်ဖက်အရာရှိများက ထုတ်ဖော်ပြောကြားသည်။

ပြောကြား

အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် နိုင်ငံတည်ငြိမ်မှုဆိုင်ရာ အာဖဂန်နစ္စတန်နိုင်ငံ လုပ်ငန်းစဉ်တွင် မိမိတို့ပါဝင်ဆောင်ရွက်နေမှုမှာ ပြီးဆုံးသင့်ပြီဖြစ်ကြောင်း၊ မိမိတို့တပ်ဖွဲ့ဝင်များအတွက် အန္တရာယ်များလွန်းကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ပြန်လည်ရုပ်သိမ်းရေး

အာဖဂန်နစ္စတန်တွင် အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များအား တာလီဘန်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများက ပစ်ခတ်တိုက်ခိုက်မှုနှင့် ဗုံးခွဲမှုများတိုးမြှင့်ပြုလုပ်လာမှုကြောင့် တပ်ဖွဲ့ဝင်များစေလွှတ်ထားသော နိုင်ငံများက မိမိတို့တပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းရေးကို ကြိုးစားလျက်ရှိသည်။ **(အင်တာနက်)**

ပါကစ္စတန်နိုင်ငံ ဒီရာအစ္စလ်မေးခ်မြို့၌ နိုဝင်ဘာ ၂၁ရက်က ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဒဏ်ရာရသူတစ်ဦးအား ဆေးရုံတွင် တွေ့ရစဉ်။(အဆိုပါ တိုက်ခိုက်မှုကြောင့် ၁၀ဦးသေဆုံးပြီး ၄၀ဒဏ်ရာရရှိခဲ့သည်။) **(အင်တာနက်ဓာတ်ပုံ)**

မောင်းသူမဲ့လေယာဉ်ဖြင့် နယ်စပ်ဖြတ်တိုက်ခိုက်မှု ရပ်စဲရန် ပါကစ္စတန်လေတပ် စွမ်းဆောင်နိုင်ဟုဆို

အစ္စလမ္မာဘတ် နိုဝင်ဘာ ၂၇

ပါကစ္စတန်နိုင်ငံအတွင်းသို့ မောင်းသူမဲ့လေယာဉ်များ ဝင်ရောက်ပြီး ဒုံးကျည်ဖြင့် ပစ်ခတ်မှုများကို ပါကစ္စတန်လေတပ်က ရပ်ဆိုင်းသွားအောင်စွမ်းဆောင်နိုင်ကြောင်း လေတပ်ဦးစီးချုပ် မာရှယ်တန်ဗာမာမွတ်အာမက်က နိုဝင်ဘာ ၂၅ ရက်တွင် ပြောကြားသည်။

ပစ်ခတ်

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း လူမျိုးစုများ နေထိုင်ရာဒေသမှာ အမေရိကန် မောင်းသူမဲ့လေယာဉ်များ နယ်စပ်ဖြတ်ကာ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရသည်။ ပါကစ္စတန် အစိုးရကလည်း ယင်းသို့မတိုက်ခိုက်ရန် ကန့်ကွက်သတိပေးထားသည်။

ဆုံးဖြတ်ရန်

ဒုံးကျည်ဖြင့် တိုက်ခိုက်မှုများ ရပ်စဲသွားရေးအတွက် ဟန့်တားရေးမှာ အစိုးရဆုံးဖြတ်ရန်ဖြစ်ကြောင်း မာရှယ်တန်ဗာမာမွတ်အာမက်က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဆိုမာလီပင်လယ်ဓားပြများ သောင်းကျန်းလျက်ရှိ စစ်သင်္ဘော ၁၅ စင်း ကင်းလှည့်နေ

နိုင်ရိုဘီ နိုဝင်ဘာ ၂၇

ပင်လယ်ဓားပြများ သောင်းကျန်းသည့် အေဒင်ပင်လယ်ကွေ့အတွင်း၌ ဆိုမာလီ ပင်လယ်ဓားပြများက ယီမင်ကုန်သင်္ဘောတစ်စင်းကို ပြန်ပေးဆွဲလိုက်ပြန်ပြီ ဖြစ်ကြောင်း အရှေ့အာဖရိက ပင်လယ်ပျော်များ ကူညီရေးအစီအစဉ် ညှိနှိုင်းရေးမှူး အင်ဒရူးအမ်ဝမ်ဂူရာက နိုဝင်ဘာ ၂၅ရက်တွင် ပြောကြားသည်။

ထုတ်ဖော်

သို့သော် ယီမင်ကုန်သင်္ဘော အမ်ဗွီအမာနီကို မည်သည့်အချိန်က ဓားပြတိုက်သည်၊ သင်္ဘောပေါ်တွင် အမှုထမ်းမည်မျှပါသည်ကိုမူ အင်ဒရူးအမ်ဝမ်ဂူရာက ထုတ်ဖော်ပြောကြားခြင်းမပြုပေ။ ထိုဒေသအတွင်းတွင် နေတိုးစစ်သင်္ဘောများ၊ အိန္ဒိယ၊ မလေးရှားနှင့် ရုရှား အပါအဝင် စစ်သင်္ဘောများ လောလောဆယ် ၁၅စင်းခန့်တို့က ကင်းလှည့်စောင့်ကြပ်လျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ကာရာဒါခရိုင်တွင် နိုဝင်ဘာ ၂၃ရက်က လမ်းဘေးဗုံး ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူတစ်ဦးအား ဘဂ္ဂဒက်ဆေးရုံ၌ တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း။

မြေဆီလွှာထိန်းသိမ်းရေး နည်းလမ်း(၁၀)ဖြာ

သတင်းအက်ဆေး

မြေဆီလွှာ(Soil)သည် သဘာဝအရင်းအမြစ်များအနက် အရေးကြီးဆုံး အရင်းအမြစ်တစ်ရပ်ဖြစ်သည်။ သို့ရာတွင် ကမ္ဘာ့လူသားများမှာ မြေဆီလွှာထိန်းသိမ်းရေး (**Soil Conservation**)အရေးကြီးပုံကို အလေးမူခြင်းမရှိခဲ့ကြပေ။

လူသားတို့ အသက်ရှင်ရပ်တည်ရေးအတွက် သဘာဝအရင်းအမြစ်များ လိုအပ်ပြီး မြေထိန်းသိမ်းခြင်းလုပ်ငန်းသည် စားနပ်ရိက္ခာထုတ်လုပ်ရေးတွင် အခြေခံအကျဆုံး ဖြစ်သည်။ သို့ရာတွင် မြေဆီလွှာညစ်ညမ်းမှု(**Soil Pollution**)ပြဿနာနှင့် မြေဆီလွှာ ပြုန်းတီးမှု(**Soil Erosion**)ပြဿနာတို့မှာ ယနေ့ကာလ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများဖြစ်သည်။

မြေဆီလွှာထိန်းသိမ်းရေးအတွက် နိုင်ငံတကာတွင် မဟာဗျူဟာ ရေးဆွဲချမှတ်လာကြပြီး မြေဆီလွှာထိန်းသိမ်းရေး နည်းလမ်းများကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

၁။ လှေကားထစ်စိုက်ပျိုးခြင်း (Terraces)

မြေဆီလွှာထိန်းသိမ်းခြင်းဆိုင်ရာ နည်းလမ်းကောင်းများအနက် လှေကားထစ်စိုက်ပျိုးရေး (**Terrace Cultivation Farming**) ပါဝင်သည်။ တောင်စောင်းတစ်လျှောက်တွင် လှေကားထစ်များပြုလုပ်ကာ စိုက်ပျိုးခြင်းဖြစ်သည်။ တောင်စောင်းဒေသတွင် လှေကားထစ်များ ပြုလုပ်ထားခြင်းဖြင့် ရေကိုအောက်သို့ တစ်ဟုန်ထိုးစီးကျစေခြင်းမရှိဘဲ တဖြည်းဖြည်းချင်းသာလျှင် စီးဆင်းစေသဖြင့် ရေစီးနှင့်အတူ မြေဆီလွှာ မျောပါခြင်းမှ ရှောင်ရှားနိုင်သည်။ တောင်စောင်းတစ်လျှောက် လှေကားထစ်များ ပြုလုပ်ရာတွင် ကျောက်တုံးများကို တံတိုင်းနံရံသဖွယ်ထားရှိသည်။

၂။ ထွန်ယက်ခြင်းမပြုဘဲစိုက်ပျိုးခြင်း (No- Till Farming)

စိုက်ပျိုးမည့်မြေနေရာတွင် ထယ်ထိုးပြီးမှ စိုက်ပျိုးခြင်းမှာ ထွန်ယက်စိုက်ပျိုးခြင်း (**tiling**)ဖြစ်သည်။ ထွန်ယက်ခြင်းမရှိဘဲ စိုက်ပျိုးခြင်းမှာမူ မြေဆီလွှာထိန်းသိမ်းနိုင်သည့် နည်းလမ်းဖြစ်သည်။ ထယ်ထိုးခြင်း၏ အကျိုးကျေးဇူးမှာ အပေါ်ယံမြေလွှာအတွင်း မြေဩဇာများ သမသွားစေနိုင်ခြင်းဖြစ်သည်။ ထွန်ရေးကြောင်းများ ဖြစ်ပေါ်နေသည့် မြေနေရာတွင် မျိုးကြဲကာ စိုက်ပျိုးသည်။ သို့ရာတွင် ထွန်ယက်မှုကြောင့် မြေဆီလွှာဖိသိပ်မှု (**Compaction of Soil**)၊ မြေဆီလွှာအတွင်းရှိ အော်ဂဲနစ်ပစ္စည်းဆုံးရှုံးမှု (**Loss of organic matter**)နှင့် မြေဆီလွှာအတွင်းရှိ ဇီဝရုပ်များ သေဆုံးမှု(**death of the organisms**)တို့ ဖြစ်စေနိုင်သည်။

၃။ ကွန်တိုမျဉ်းများအတိုင်း ထယ်ထိုး-ထွန်ယက်ခြင်း (Contour ploughing)

တောင်စောင်းတစ်လျှောက် ကွန်တိုမျဉ်းကြောင်းများ (**Contour Lines**)အတိုင်း ဖြတ်သန်းကာ ထယ်ထိုး-ထွန်ယက်သည့် စိုက်ပျိုးရေးနည်းစနစ်သည် ဒလဟောစီးဆင်းလာသော ရေနှင့်အတူ မြေဆီလွှာမျောပါမှုကို တားဆီးနိုင်သည်။ ၎င်းအပြင် မြေဆီလွှာအတွင်းသို့ ရေစိမ့်ဝင်ခြင်း(Percolation of water) ဖြစ်ပေါ်စေနိုင်သည်။ ကွန်တို သို့မဟုတ် ကွန်တိုမျဉ်းဟူသည် မြေပုံပေါ်၌အမြင့်တူနေရာများကို ဆက်သွယ်ထားသော မျဉ်းဖြစ်သည်။

၄။ အပင်များကို အလှည့်ကျစနစ်ဖြင့် စိုက်ပျိုးခြင်း (Crop Rotation)

အပင်များကို အလှည့်ကျစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာတည်တံ့မှုကို ထိန်းသိမ်းပေးနိုင်သည်။

အပင်တစ်မျိုးတည်းကို နှစ်စဉ်နှစ်တိုင်း ပုံမှန်စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာအတွင်း ရောဂါဖြစ်စေနိုင်သော ပိုးမွှားများ(pathogens) စုဝေးလာတတ်ပေသည်။ အပင်တစ်မျိုးတည်းကို ပုံသေရွေးချယ်ကာ အပြောင်းအလဲမရှိ စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာ၏ အာဟာရဓာတ်ရရှိမှုတွင် ဟန်ချက်ပျက်တတ်သည်။ စိုက်ပျိုးသည့် မြေနေရာတစ်နေရာတည်းမှာပင် အပင်များကို ပုံသေမထားဘဲ အလှည့်ကျရွေးချယ်စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာဖွဲ့စည်းပုံနှင့် မြေဆီလွှာအာဟာရဓာတ်ရရှိမှုတို့ တိုးတက်လာနိုင်သည်။

၅။ မြေဆီလွှာ PH တန်ဖိုးထိန်းသိမ်းခြင်း

မြေဆီလွှာညစ်ညမ်းခြင်း(Contamination of soil)နှင့် အက်စစ်မိုးရွာသွန်းခြင်း (Acid rains) တို့ကြောင့် မြေဆီလွှာ၏ PH တန်ဖိုး ထိခိုက်နိုင်သည်။ ဟိုက်ဒရိုဂျင်အိုင်းယွန်းပါဝင်မှုနှုန်းကို PH ဟုခေါ်သည်။ ဟိုက်ဒရိုဂျင်အိုင်းယွန်းပါဝင်မှုများလျှင် အက်စစ်ပြင်းအားမှာလည်း များပြားလာသည်။ မြေဆီလွှာတွင် ပါဝင်သော မြေဩဇာများကို အက်စစ်များက ချေဖျက်ခြင်းကြောင့် သစ်ပင်များမှာ အာဟာရခေါင်းပါးမှုနှင့်တွေ့ကြုံရသည်။ ဤသို့ဖြင့် သစ်ရွက်များကျဲပါးလာပြီး ပင်စည်များတွင် ကပ်ပါးမှိုများကျရောက်လာသည်။ မြေဆီလွှာတွင် အက်စစ်ပါဝင်မှုများပြားလာလျှင် သစ်ပင်နှင့်သစ်တောများ ပျက်စီးရသည်။

၆။ မြေဆီလွှာကို ရေလောင်းပေးခြင်း(Water The Soil)

ကျွန်ုပ်တို့သည် အပင်များကိုသာ ရေလောင်းလေ့ရှိပြီး မြေဆီလွှာကို ရေလောင်းလေ့မရှိကြပေ။ လေကြောင့် မြေဆီလွှာပြုန်းတီးမှု (Soil Erosion) မဖြစ်ပေါ်ရေးအတွက် အပင်များကို ရေလောင်းချိန်တွင် မြေဆီလွှာကိုပါ ရေလောင်းပေးရန် လိုအပ်သည်။

၇။ ဆားငန်သတ္တုကို ထိန်းချုပ်ပေးခြင်း(Salinity Management)

မြေဆီလွှာအတွင်း ဆားငန်သတ္တု ပါဝင်မှုနှုန်း မြင့်တက်လာခြင်းဖြင့် ယင်းမြေဆီလွှာတွင် စိုက်ပျိုးထားသော ကောက်ပဲသီးနှံအပင်များ၏ ဓာတုလုပ်ငန်းစဉ်များ (metabolism) ထိခိုက်ရတတ်သည်။ ဆားငန်သတ္တုကို ထိန်းချုပ်ပေးခြင်းသည် သွယ်ဝိုက်သောနည်းလမ်းအရ မြေဆီလွှာကို ထိန်းသိမ်းပေးရာရောက်သည်။

၈။ မြေဆီလွှာအတွင်းရှိ သက်ရှိများအား ထိန်းသိမ်းခြင်း(Soil Organisms)

မြေဆီလွှာတည်တံ့မှုအတွက် အကျိုးကျေးဇူးပြုနိုင်သည့် တီကောင် (Earth-worms) နှင့် အခြားသတ္တဝါများအား ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည်။ မြေဆီလွှာ၏ အာဟာရဓာတ် တိုးပွားမှုကို ယင်းသတ္တဝါများက ပြုလုပ်ပေးနိုင်သည့်အပြင် မြေဆီလွှာအတွင်းစိမ့်ယိုမှု (Porosity of soil) ကောင်းစေရန်လည်း ယင်းသတ္တဝါများက အထောက်အကူပေးသည်။

၉။ ပြည်တွင်းမျိုးရင်းအပင်များကို စိုက်ပျိုးပေးခြင်း (Native Crops)

မြေဆီလွှာထိန်းသိမ်းရေးအတွက် ပြည်တွင်း မျိုးရင်းအပင်များကို စိုက်ပျိုးပေးရန် လိုအပ်သည်။ အကယ်၍ ပြည်ပမှမျိုးယူကာ စိုက်ပျိုးမည်ဆိုပါက မြေဆီလွှာတိုက်စားမှုမှ ရှောင်လွဲနိုင်ရန် ပြည်တွင်းမျိုးရင်းအပင်များကို စိုက်ခင်း၏ နယ်နိမိတ်မျဉ်းကြောင်းအတွင်း စည်းရိုးသဖွယ် စိုက်ပျိုးပေးထားရမည်ဖြစ်သည်။

၁၀။ သစ်ပင်စိုက်ပျိုးပေးခြင်း(Plant Trees)

သစ်ပင်များကြီးထွားလာလေလေ၊ ယင်းအပင်များ၏အမြစ်များမှာ မြေဆီလွှာအတွင်းသို့ ပိုမိုတိုးဝင်လေလေဖြစ်သည်။ အမြစ်များသည် မြေဆီလွှာကို အခိုင်အမာကုပ်တွယ်ထားခြင်းကြောင့် သစ်မြစ်များသည် မြေဆီလွှာတိုက်စားမှုကို ကာကွယ်ပေးနိုင်သည်။ ။

အင်တာနက်မှတ်တမ်းများ။

အောင်သုတ ရေးသားသည်

နေရာ ကိုးနေရာတွင် ဖြစ်ပွားခဲ့သည့် အိန္ဒိယကုန်သွယ်ရေးမြို့ မွမ်ဘိုင်း အကြမ်းဖက်တိုက်ခိုက်မှု

ဖောင်ပိတ် သတင်းအက်ဆေး

မွမ်ဘိုင်းမြို့ တာ့ဂျ်မဟာဟိုတယ်၌ ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွား ပြီးနောက် မီးလောင်မှုကြောင့် မီးခိုးများထွက်ပေါ်နေသည်ကို နိုဝင်ဘာ ၂၇ရက်ညက ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

မွမ်ဘိုင်း နိုဝင်ဘာ ၂၇

အိန္ဒိယနိုင်ငံ၏ ရောင်းဝယ်ဖောက်ကားမှုအစည်ကားဆုံး ကုန်သွယ်ရေးမြို့ မွမ်ဘိုင်းမှ ကြယ်ငါးပွင့်အဆင့် ဟိုတယ်ကြီးနှစ်ခု၊ မြို့တော်၏ အကြီးဆုံးဘူတာနှင့် ရုပ်ရှင်ရုံ၊ ဆေးရုံကြီးတစ်ရုံအပါအဝင် မြို့အနှံ့အပြားတွင် ဗုဒ္ဓဟူးနေ့က စက်သေနတ်များ၊ လက်ပစ်ဗုံးများကိုင်ဆောင်ထားသည့် အကြမ်းဖက်သမားများ၏ အတင့်ရဲစွာ တိုက်ခိုက်မှုများကြောင့် အနည်းဆုံး ၁၂၅ဦးသေဆုံးပြီး ၃၂၇ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်။

ယင်းနောက် ဇိမ်ခံ ဟိုတယ်ကြီးနှစ်ခုအတွင်း နိုင်ငံခြားသားများကို ဓားစာခံအဖြစ် ဖမ်းဆီးထားသည့် အကြမ်းဖက်သမားများအား အိန္ဒိယကွန်မန်ဒိုများနှင့် ရဲများက ကြာသပတေးနေ့တွင် ဝိုင်းလိုက်သည်နှင့် တစ်ပြိုင်နက် သေနတ်သံများ ဆူညံလာပြန်သည်။

ကြီးမားပြင်းထန်

ယခုနှစ်အတွင်း အိန္ဒိယနိုင်ငံ၌ အရှိန်မြင့်လာသည့် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် နှိုင်းယှဉ်သော် ဤအကြမ်းဖက်မှုမှာ အတိုင်းအတာအရရော လူသေဆုံး ဒဏ်ရာရမှုအရမှာပါ ကြီးမားပြင်းထန်သည်ကို တွေ့ရသည်။

သေနတ်သံများနှင့် ပေါက်ကွဲသံများမှာ နောက်တစ်နေ့ နံနက်ပိုင်းအထိ အဆက်မပြတ် ပေါ်ထွက်မြည်ဟိန်းလျက်ရှိသည်။

မွမ်ဘိုင်းမြို့၏ ၁၀၅နှစ်သက်တမ်းနှင့် အမှတ်သညာ သမိုင်းဝင်ဖြစ်သော တာ့ဂျ်မဟာဟိုတယ်နှင့် မွမ်ဘိုင်းမြို့လယ်ကျွန်းဆွယ်မှ ကြယ်ငါးပွင့်အဆင့် ထရီးဒင့်အိုဘေရွိုင်းဟိုတယ်အတွင်း ကမ္ဘာလှည့်ခရီးသည် အများအပြား ပိတ်မိလျက် ရှိသည်။

တရကြမ်းပစ်ခတ်

မောင်းပြန်သေနတ်များ၊ လက်ပစ်ဗုံးများ ကိုင်ဆောင်ထားသည့် အကြမ်းဖက်သမားများသည် အုပ်စုလေးများ ခွဲကာ ဗုဒ္ဓဟူးနေ့ ဒေသစံတော်ချိန် ညဝနာရီ ၃၃မိနစ်က ဖော်ပြပါ နေရာများသို့ အချိန်မရွေး ဝင်ရောက်ပြီး တရကြမ်း ပစ်ခတ်တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။

စတင်တိုက်ခိုက်ပြီး နာရီပိုင်းအကြာတွင် တာ့ဂျ်မဟာဟိုတယ်မှာ မီးရှို့ခံရသည်။ မီးသတ်သမားများက ကယ်ဆယ်ရန် ရောက်လာချိန်တွင် အပေါ်ထပ်ရှိ တည်းခိုသူများက ပြတင်းပေါက်များကို တအုန်းအုန်းထုပြီး အကူအညီတောင်းခဲ့ကြသည်။

အကျပ်ကိုင်

အလားတူပင် ထရီးဒင့်အိုဘေရွိုင်းဟိုတယ်အတွင်း၌လည်း မီးလောင်မှုဖြစ်ပွားသေးသည်။စစ်သွေးကြွခုနစ်ဦးက ဟိုတယ်အတွင်း အမာခံများအား ကြာသပတေးနေ့ နံနက်ပိုင်းက ဖမ်းဆီးထားသည်။ အိန္ဒိယနိုင်ငံ၌ ဖမ်းဆီးထားသော မူဂျာဟစ်အားလုံးကို မိမိတို့က လွှတ်ပေးစေလိုကြောင်း

အိန္ဒိယနိုင်ငံ၏ စီးပွားရေးမြို့တော် မွမ်ဘိုင်းမြို့ တာ့ဂျ်မဟာဟိုတယ်တွင် ပစ်ခတ်မှုဖြစ်ပွားနေစဉ်အတွင်း တည်းခိုနေသော ဧည့်သည်များအား ကယ်ထုတ်နေသည်ကို နိုဝင်ဘာ၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

စစ်သွေးကြွတစ်ဦးက ဓားစာခံများကို ပြောကြားပြီး မူဂျာဟစ်များကို မလွှတ်ပေးသမျှ မိမိတို့ကလည်း ဓားစာခံများကို ပြန်မလွှတ်ဟု အကျပ်ကိုင်လာသည်။

ဥရောပ ပါလီမန်အမတ်နှစ်ဦး အပါအဝင် ဧည့်သည်အချို့မှာ ဟိုတယ်များအတွင်းပုန်းအောင်းနေခဲ့ကြသည်။ ထရီးဒင့်အိုဘေရွိုင်းဟိုတယ်၌ ထိုအချိန်က ညစာစားနေသည့် ဗြိတိသျှနိုင်ငံသား အဂ္ဂက်ချိန်ဘာလိန်က စကိုင်းရုပ်မြင်သံကြားသို့ပြောပြရာ၌ သေနတ်ကိုင်တစ်စုသည် စားသောက်ဆိုင်အတွင်းမှ လူ၃၀သို့မဟုတ် ၄၀ခန့်တို့ကို လက်မြှောက်ခိုင်းပြီး လှေကားထိပ်သို့ သွားခိုင်းကြောင်း၊ သူတို့ အလိုရှိသည်မှာ ဗြိတိသျှနိုင်ငံသားများနှင့် အမေရိကန်နိုင်ငံသားများဖြစ်သည်ဟု ပြောနေကြကြောင်း၊ အီတလီနိုင်ငံသား တစ်ဦးကိုမူ ချန်ထားခဲ့ကြောင်း ရှင်းပြသည်။

မည်းမည်းမြင်တိုင်းပစ်

ဥရောပ ပါလီမန်အမတ် တစ်ဦးဖြစ်သူ ဗြိတိန်နိုင်ငံသား ဆာချက်ကာရင် (၃၈-နှစ်)က စကိုင်းနယူးစ်သို့ ဆက်သွယ်ပြောဆိုရာတွင် "သူ့အနီးမှသေနတ်သမားတစ်ဦးက မည်းမည်းမြင်တိုင်း စက်သေနတ်ဖြင့်ပစ်ကြောင်း၊ သူ့အနေဖြင့် ထွက်ပြေးနိုင်ကြောင်း၊ ဟိုတယ်မီးဖိုခန်းမှ တစ်ဆင့် မြေအောက်ခန်းသို့ ရောက်သွားပြီး အခန်းတွင်း၌ မည်းမှောင်နေကြောင်း" ပြောပြရင်း အဆက်အသွယ် ပြတ်တောက်သွားသည်။

ပေါက်ကွဲသံထပ်ကြား

တာ့ဂျ်မဟာဟိုတယ်၌ သူငယ်ချင်းလက်ထပ်ပွဲ တက်ရောက်သူ အသက် ၃၁ နှစ်အရွယ် လူငယ်က "ည ၉နာရီ ၄၅ မိနစ်ခန့်တွင် ရေချိုးကိုက်နေပြီ ဖြစ်ကြောင်း၊ ရုတ်တရက် ကြားရသည်မှာ ဖြောက်အိုးဖောက်သံများဟု ထင်ကြောင်း၊ နောက်တော့မှ စက်သေနတ်သံဖြစ်သည်ကို သတိပြုမိကြောင်း၊ အခန်းတွင်းမှ ဧည့်သည်များကို အကြမ်းဖက်သမားများက ထွက်ခွင့်မပေးတော့ကြောင်း၊ သန်းခေါင်ကျော် နာရီပြန်တစ်ချက်တွင် ပေါက်ကွဲသံကြားရကြောင်း၊ နောက်နာရီဝက်ခန့်တွင် ပေါက်ကွဲသံ ထပ်ကြားကြောင်း၊နောက်နေ့ နံနက် ၆နာရီတွင် ဧည့်သည်များက ထွက်ရန်ကြိုးပမ်းသည့်အခါ သေနတ်သမားများက ပစ်ခတ်သဖြင့် တစ်ဦး သေနတ်ထိမှန်သွားခဲ့ကြောင်း" ပြောပြသည်။

ခေါင်မိုးပေါ်ခေါ်သွား

တာ့ဂျ်မဟာ ဟိုတယ်၌ တည်းခိုပြီး လွတ်မြောက်သွားသူ ဗြိတိသျှလုပ်ငန်းရှင် ရာကတ်ပတေးက "ရိုင်ဖယ်နှင့်စက်သေနတ်ကိုင်လူငယ်နှစ်ဦးက ဓားစာခံ ၁၅ဦးကို ဖမ်းပြီး ခေါင်မိုးပေါ်ခေါ်သွားသည်ကို တွေ့ရကြောင်း၊ တီရှပ်နှင့် ဂျင်းဘောင်းဘီဝတ်ထားသည့် သေနတ်သမားများက ဗြိတိသျှနှင့် အမေရိကန် နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများကို အလိုရှိသည်ဟု ပြောဆိုသံကြားရကြောင်း" ရုပ်မြင်သံကြား အစီအစဉ်သို့ ပြောကြားသည်။

အကူအညီခေါ်ထား

အစ္စရေး မိသားစု တစ်စုကိုလည်း အကြမ်းဖက် သမားများက ဖမ်းဆီးထားကြောင်း ရဲတပ်ဖွဲ့ကပြောဆိုသည်။ အကြမ်းဖက်သမားများကို နှိမ်နင်းရန် အိန္ဒိယတပ်မတော်ကိုပါ အကူအညီခေါ်ထားခဲ့သည်။

ဖိတ်ခေါ်

ယခုအခါ လူဦးရေ၂သန်းကျော်နေထိုင်သည့် မွမ်ဘိုင်းမြို့၌ ဒဏ်ရာသူ ၃၂၇ဦးခန့်အတွက် ဆေးရုံများတွင် သွေးလှူရှင်များကိုဖိတ်ခေါ်လျက်ရှိသည်။ကြာသပတေးနေ့တွင် စာသင်ကျောင်းများ၊ စတော့ဈေးနှင့်ဆိုင်များ ပိတ်ထားသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေး

၁၂၅ဦးသေဆုံးပြီး ၃၂၇ဦး ဒဏ်ရာအနာတရ ဖြစ်စေသည့် သေနတ်သမားတို့၏ အကြမ်းဖက်မှုကို နှိမ်နင်းရာတွင် မွမ်ဘိုင်းမြို့တော် အကြမ်းဖက်မှုတိုက်ဖျက်ရေးတပ်ဖွဲ့မှူး ဟေမန့်ကာကာ အပါအဝင် ရဲတပ်ဖွဲ့ဝင်၁၂ဦး သေဆုံးသွားခဲ့သည်။

ဒက်ကန်မူဂျာဟီဒင်အဖွဲ့ဟု သူတို့ကိုယ်သူတို့ အမည်ပေးသည့် မထင်မရှား အကြမ်းဖက်အဖွဲ့မှ ရှစ်ဦးကို အသေဖမ်းဆီးမိပြီး ကိုးဦး ဖမ်းမိသော်လည်း မည်သည့် နိုင်ငံတကာအကြမ်းဖက်အဖွဲ့နှင့် ဆက်သွယ်မှု ရှိ၊မရှိ လောလောဆယ်တွင် မသိရှိရသေးချေ။ ။

(အင်တာနက်)

တိုး-ရေးသားသည်

ကွမ်းခြံကုန်းမြို့နယ် ထင်းပုံဆိပ်ကျေးရွာဖွံ့ဖြိုးတိုးတက်မှု စွမ်းအင်ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် နိုဝင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ ထင်းပုံဆိပ်ကျေးရွာ၌ မလေးရှားနိုင်ငံ Petronas ကုမ္ပဏီကလှူဒါန်းပြီး အေးရှားဝေါလ်ကုမ္ပဏီက ဆောက်လုပ်သည့်လူနေအိမ်များ တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ ဝန်ကြီးအားတည်ဆောက်ရေးလုပ်ငန်းခွင်ရှင်းလင်းဆောင်၌ အေးရှားဝေါလ်ကုမ္ပဏီ စီမံကိန်းအင်ဂျင်နီယာက ထင်းပုံဆိပ် စံပြကျေးရွာတည်ဆောက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လူနေအိမ်များ၊ ဆေးခန်းနှင့် စာကြည့်တိုက်တို့ သပ်ရပ်ခိုင်ခံ့မှု ရှိစေရေး၊ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိရေး၊ ယင်လုံအိမ်သာများ စနစ်တကျဆောက်လုပ်ပေးရေး၊ လျှပ်စစ်မီး ရရှိရေးနှင့် သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးအောင် တည်ဆောက်သွားရေးတို့ကို မှာကြားသည်။

ကြည့်ရှု

ထို့နောက် ဝန်ကြီးသည် ကလေးများအပန်းဖြေ ကစားကွင်းကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာလမ်းတစ်လျှောက် လမ်းများ၊ ရေမြောင်းများဖောက်လုပ်ထားရှိမှုကိုလည်းကောင်း၊ လမ်းဘေးဝဲယာတစ်လျှောက် လမ်းမီးတိုင်များ သွယ်တန်းထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် လူနေအိမ်များအတွင်း ဆယ်မျိုးဆယ်ပေါင် သီးပင်၊ စားပင်များ အောက်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးထားရှိမှု၊ ကျေးရွာ ဘော်လီဘောကွင်း၊ ပိုက်ကျော်ခြင်းကွင်းနှင့် ဘောလုံးကွင်းများ ဖောက်လုပ်ထားရှိမှုနှင့် ကျေးရွာဆေးပေးခန်း၊ စာကြည့်တိုက် တည်ဆောက်နေမှုတို့ကို လည်းကောင်း၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ရရှိခံစား

လေဘေးဒဏ်ကြောင့် လူနေအိမ်များ ပြိုကျပျက်စီးခဲ့သည့် ကွမ်းခြံကုန်းမြို့နယ် ဆူးကလပ်ကျေးရွာအုပ်စု ထင်းပုံဆိပ်ကျေးရွာကို စွမ်းအင်ဝန်ကြီးဌာနနှင့် လုပ်ငန်းများ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မလေးရှားနိုင်ငံအခြေစိုက် (Petronas) ကုမ္ပဏီမှ လှူဒါန်းငွေဖြင့် အေးရှားဝေါလ်ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခြင်း ဖြစ်သည်။ ပေ ၄၀× ပေ၆၀ မြေကွက်ပေါ်တွင် သွပ်မိုး၊ သစ်ခင်း၊ သစ်ကာ လူနေအိမ်များ၊ ကျေးရွာခန်းမ၊ ဆေးခန်း၊ စာကြည့်တိုက်၊ အားကစားကွင်းများ၊ ရေသန့်စက်နှင့် လျှပ်စစ်မီး အစရှိသည်တို့ပါဝင်သည့် စံပြကျေးရွာတည်ဆောက်ပေးထားသကဲ့သို့ တစ်ဖက်မှလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အလုပ်အကိုင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကိုလည်း ပြုစုပျိုးထောင်ပေးလျက်ရှိရာ ပိုမိုတိုးတက်သည့် ကျေးလက်လူနေမှုဘဝကို ကျေးရွာနေပြည်သူများ ရရှိခံစားနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူနေအိမ်များ

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကွမ်းခြံကုန်းမြို့နယ် ထင်းပုံဆိပ်ကျေးရွာတွင် လူနေအိမ်များ တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေး အစီအစဉ်အရ မြန်မာ-အိန္ဒိယ ရုပ်သေးအနုပညာအဖွဲ့ ပူးပေါင်းဖျော်ဖြေ

ရန်ကုန် နိုဝင်ဘာ ၂၇

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေး အစီအစဉ်အရ မြန်မာရုပ်သေးအနုပညာရှင်အဖွဲ့နှင့် အိန္ဒိယရုပ်သေးအနုပညာရှင်အဖွဲ့တို့ ပူးပေါင်း၍ ရုပ်သေးဖျော်ဖြေတင်ဆက်ပွဲကို ယမန်နေ့ ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။ (အောက်ဝဲပုံ)

ကြည့်ရှုအားပေး

အဆိုပါ ဖျော်ဖြေပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Aloke Sen နှင့် ဇနီး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးမိသားစုများ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ရန်ကုန်မြို့ ဖျော်ဖြေရေးနှင့်စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန(တောင်ပိုင်း)ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန္ဒာခင်နှင့်တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများနှင့် ရုပ်သေးဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေတင်ဆက်

ရှေးဦးစွာ အိန္ဒိယရုပ်သေးအနုပညာရှင်အဖွဲ့က အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ရိုးရာရုပ်သေးအကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဒို့ကျေးရွာအက

ဆက်လက်၍ မြန်မာရုပ်သေးအနုပညာရှင်အဖွဲ့က ဟိမဝန္တာခန်း၊ အိန္ဒိယရုပ်သေးအနုပညာရှင်အဖွဲ့က မာမင်(မစ်နာ)သရုပ်ဖော်ပြဇာတ်၊ မြန်မာရုပ်သေး အနုပညာရှင်အဖွဲ့က ရာမသမင်လိုက်ခန်း၊ တိုင်းရင်းသားအက၊ အိန္ဒိယရုပ်သေးအနုပညာရှင်အဖွဲ့က မာတာမိခင်၊ မြန်မာရုပ်သေးအနုပညာရှင်အဖွဲ့က နှစ်ပါးသွား၊ ဓလေ့ရိုးရာ ဒို့ကျေးရွာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**



ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၀ရက်က မြို့နယ်အသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းလှိုင်က မြို့ပေါ်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုလေးစုတို့မှ ဥက္ကဋ္ဌများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပန်း၊ သစ်သီး အလှပြင်သင်တန်းဆင်း၊ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာပေးအပ်

ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲနှင့် ပန်း၊ သစ်သီး အလှပြင်သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၅ရက် နံနက် ၉နာရီက အထက(၂) စုဝေးခန်းမ၌ ကျင်းပသည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်ပပဝင်းက ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ ၆၈၀၀အား ပေးအပ်ရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံသည်။ ထို့နောက် ပန်း၊ သစ်သီးအလှပြင်သင်တန်းတွင် ဆုရရှိသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကာ ပြိုင်ပွဲဝင် ပန်း၊ သစ်သီးလက်ရာများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(မြို့နယ်ထွေ/အုပ်ဦးစီး)

ကျောင်းဆောင်သစ်ဆောက်လုပ်

စဉ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်း၏ နှစ်(၅၀)ပြည့်ရွှေရတုကျောင်းဆောင်သစ် ဆောက်လုပ်ရန် ပန္နက်တင် မင်္ဂလာကို နိုဝင်ဘာ ၁၆ ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုင်းမောင်လူနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များပက်ဖျန်းကာ ပန္နက်တင်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန် ပညာရေးတက္ကသိုလ်၏ (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၃၁ရက်(စနေနေ့) နံနက်၉နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ ကျောင်းနေဖက် မိတ်ဆွေများအားလုံး တက်ရောက်ကြပါရန်နှင့် မြတ်ဆရာပူဇော်ပွဲအတွက် ကုသိုလ်ပြု လှူဒါန်းလိုပါက ဒေါက်တာလွင်လွင်စိုး ဖုန်း-၅၀၃၉၀၄၊ ဦးဝင်းကို ဖုန်း-၅၀၃၁၄၇၊ ဦးအုန်းမြင့် ဖုန်း-၀၉-၈၀-၂၄၁၉၄၊ ဒေါ်တင်တင်ရှု ဖုန်း-၅၅၇၃၀၉၊ ဦးအေးကြိုင် ဖုန်း -၅၅၇၆၄၃၊ဦးအောင်သွင် ဖုန်း-၅၄၈၉၇၉၊ ဦးကျော်ကျော် ဖုန်း-၀၂ -၆၆၄၀၁၊ဦးကျော်ဝင်းမြင့် ဖုန်း-၂၁၂၉၆၉၊EX-၂၀၃၊ဒေါ်ကြူကြူရွှေ ဖုန်း-၅၅၄၉၆၄၊ ဦးရှိန်းလိန်အောင် ဖုန်း-၅၆၄၂၃၁၊ ဒေါ်ခင်စန်းမြင့် ဖုန်း-၅၄၂၃၁၇နှင့် ဒေါ်ခင်သန်းထွေး ဖုန်း-၂၉၃၃၆၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဒုတိယအကြိမ် မြန်မာ-အီဂျစ် နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၂၇

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၏ဖိတ်ကြားချက်အရ အီဂျစ်အာရပ်သမ္မတနိုင်ငံ အာရှရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဟူစိန်ဟာရီဒီ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၄ ရက်မှ ၂၆ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။

ညှိနှိုင်းဆွေးနွေး

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် အီဂျစ်အာရပ်သမ္မတနိုင်ငံ အာရှရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဟူစိန်ဟာရီဒီ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် နိုဝင်ဘာ ၂၅ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ဒုတိယအကြိမ် မြန်မာ-အီဂျစ် နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပသည်။ **(အပေါ်ပုံ)**

အမြင်ချင်းဖလှယ်

အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့အကြား လယ်ယာစိုက်ပျိုးရေး၊ ကုန်သွယ်ရေးနှင့် ခရီးသွားလာရေးစသည့် ကဏ္ဍများတွင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေး ကိစ္စရပ်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးစွာ ဆွေးနွေး အမြင်ချင်းဖလှယ်ကြသည်။

ညစာစားပွဲတည်ခင်း

ယင်းနေ့ ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက အီဂျစ်အာရပ်သမ္မတနိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဟူစိန်ဟာရီဒီ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား Le Plenteur Restaurant ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ကြည့်ရှုလေ့လာ

အီဂျစ်အာရပ်သမ္မတနိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဟူစိန်ဟာရီဒီ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့တွင် ရောက်ရှိနေစဉ် အမျိုးသားပြတိုက်နှင့် ရွှေတိဂုံစေတီတော်တို့သို့ သွားရောက် ကြည့်ရှုလေ့လာခဲ့ကြသည်။

အီဂျစ်အာရပ်သမ္မတနိုင်ငံ အာရှရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဟူစိန်ဟာရီဒီ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း (ဟုမ်းလမ်း၊ ထီးတန်း) ကြည့်မြင်တိုင် အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၇

အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (ဟုမ်းလမ်း၊ ထီးတန်း) ကြည့်မြင်တိုင် အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲနှင့် ထူးချွန်ကျောင်းသား ကျောင်းသူဟောင်းများ ဂုဏ်ပြုပွဲအခမ်းအနားကို နိုဝင်ဘာ ၂၂ရက် နံနက် ၁၀နာရီခွဲက အဆိုပါကျောင်း စုဝေးခန်းမ၌ကျင်းပသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ဆရာကြီး ဦးကြည်မောင်က သြဝါဒစကား ပြောကြားပြီး ကျောင်းသားဟောင်းအသင်းဥက္ကဋ္ဌ ဦးဘနှင်းက အမှာစကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျောင်းသားဟောင်းအသင်းမှ ကျောင်းသို့ အလှူငွေများပေးအပ်ပြီး ထူးချွန်ကျောင်းသား ကျောင်းသူ သုံးဦးတို့အား ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကျောင်းသူဟောင်း ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်သန်းမြင့်နှင့် ဦးဉာဏ်လင်းတို့က ဆရာကန်တော့ပွဲအတွက် အလှူငွေကျပ်တစ်သိန်းစီ ပေးအပ်လှူဒါန်းသည်။

ငွေစာရင်းရှင်းတမ်းဖတ်ကြား

ထို့နောက် ဘဏ္ဍာရေးမှူး ဦးခင်မောင်ထွေးက ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားရှင်းလင်းပြီးနောက် ကျောင်းသား ကျောင်းသူဟောင်းများက ဆရာကြီးနှင့် ဆရာမကြီးများအား ကန်တော့ပစ္စည်းများ ပေးအပ်၍ ကန်တော့ကြသည်။ **(အောက်ပုံ)**

(မြန်မာ့အလင်း)

ရန်ကုန်မြောက်ပိုင်းခရိုင် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အမျိုးသား(အကြီးတန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၅ရက် ညနေ ၃နာရီက အင်းစိန်မြို့နယ် မီးရထားအားကစားကွင်း၌ ကျင်းပသည်။

ချီးမြှင့်

ဗိုလ်လုပွဲ၌ အင်းစိန်အသင်းက လှိုင်သာယာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဆုပေးပွဲအခမ်းအနားတွင် ဒုတိယဆုရရှိသော လှိုင်သာယာအသင်းကို အင်းစိန်မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေက တစ်ဦးချင်း ငွေတံဆိပ်ဆုနှင့် ငွေသားကိုလည်းကောင်း၊ ပထမဆုရရှိသော အင်းစိန်မြို့နယ်အသင်းကို လှိုင်သာယာမြို့နယ်ဥက္ကဋ္ဌ ဦးခင်သိန်းမောင်က တစ်ဦးချင်း ရွှေတံဆိပ်ဆုနှင့် ငွေသားကိုလည်းကောင်း၊ နေရာအလိုက် အကောင်းဆုံး အားကစားသမားဆုကို ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်လင်းကလည်းကောင်း၊ အနိုင်ရဗိုလ်စွဲသွားသော အင်းစိန် မြို့နယ်ဘောလုံးအသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် (၁) ဒုတိယရဲမှူးကြီး လူလူသန်းက ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

ဂျိမ်းစ်ဘွန်းဇာတ်ကားသစ် ယခုသောကြာပတ်ရုံဝင်လာ အကယ်ဒမီရွှေ့ဟာသဇာတ်မြူး မကြာမီရုံတင်မည်

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် နိုဝင်ဘာ ၂၇

ရွှေဆောင်နှင့် နေပြည်တော်ရုံများတွင် ဂျိမ်းစ်ဘွန်းဇာတ်ကားသစ် Quantum of Solace ရုံဝင်လာသည်။ မြန်မာရုပ်ရှင်ကြည့်ပရိသတ်များအား နိုင်ငံတကာရုပ်ရှင်ပရိသတ်များနည်းတူ ဂျိမ်းစ်ဘွန်းဇာတ်ကားသစ်များ ဦးဦးဖျားဖျားကြည့်ရှုနိုင်ရန် မင်္ဂလာကုမ္ပဏီက စီစဉ်တင်ဆက်ခြင်းဖြစ်သည်။

ဒါရိုက်တာ Marc Forster ရိုက်ကူးပြီး ဂျိမ်းစ်ဘွန်းမင်းသား Daniel Craig နှင့် Olga Kurylenko တို့ အဓိကပါဝင်ထားသော ဂျိမ်းစ်ဘွန်းဇာတ်ကားမှာ အမေရိကန်တွင် လူကြိုက်များလှသဖြင့် ဝင်ငွေစံချိန် အမြင့်ဆုံးရရှိသော ဇာတ်ကားဖြစ်သည်။ ဇာတ်လမ်းမှာ ဗြိတိသျှထောက်လှမ်းရေး(၆)မှ ဘွန်းအားတာဝန်ပေးစေခိုင်းချက်အရ ကွမ်တမ်အဖွဲ့ (Quantum)ကို ခြေရာခံထောက်လှမ်းရင်း ဘိုလီးဗီးယားနိုင်ငံ သဲကန္တာရကို အပိုင်စီးကာ မြေအောက်မြစ်များမှ ရေချိုများကို ပြန်ရောင်းစားရန် ဂရင်းဟလဲန်းနက်ကုမ္ပဏီ၏ အကြံအစည်ကို သိရှိရသည်။ ဘိုလီးဗီးယား အာဏာသိမ်းခေါင်းဆောင် မက်ဒရာနိုနှင့် ဂရင်းတို့ အပေးအယူကိစ္စ စာချုပ် လက်မှတ်ရေးထိုးတော့မည့်ဆဲဆဲ ဘွန်းက ဖမ်းမိပြီး တားဆီးလိုက်နိုင်ပုံများကို သည်းထိတ်ရင်ဖို ရိုက်ကူးထားသော အက်ရှင်ဇာတ်ကားဖြစ်သည်။ လေပြင်မြေပြင်တိုက်ပွဲများကို အထူးရိုက်ချက်များဖြင့် ဆန်းဆန်းပြားပြား ရိုက်ကူးထားသည်။ ဂျိမ်းစ်ဘွန်းပရိသတ် အကြိုက်တွေ့မည့် ဇာတ်ကားဖြစ်သည်။

သွင်ရုံတွင် အမွေဆက်ခံမည့်သူအမည်ရ **Yuvvraaj** အိန္ဒိယဇာတ်ကားသစ် ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် ဆာလ်မန်ခန်း၊ ကက်သရီးနားကေး၊ အနီးကာပူး၍ ဖေရတ်ခန်းတို့အဓိကပါဝင်ထားသည်။ အင်္ဂလိပ်စာတန်းထိုး အချစ်ဟာသ ဇာတ်မြူးကားဖြစ်သည်။ မင်္ဂလာရုံတွင် **Body of Lies** ဇာတ်ကားပြသနေဆဲဖြစ်သည်။

အကယ်ဒမီရွှေ့ ရုံဝင်လာမည်

ဒါရိုက်တာသိန်းဟန်(ဖီးနစ်)ရိုက်ကူးသည့် **မြင်းမိုရ်ထက်က သရဖူ**ဇာတ်ကားမှာ သမ္မတရုံနှင့် နဝဒေးရုံများတွင် ဆက်လက်ပြသနေသည်။ ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးပြီး ရဲအောင်၊ နေတိုး၊ ထွန်းထွန်း၊ အိန္ဒြာကျော်ဇင်၊ ပုလဲဝင်း၊ သင်ဇာဝင့်ကျော်၊ ချောရတနာတို့ ပါဝင်ထားသော **အကယ်ဒမီရွှေ့**ဟာသဇာတ်မြူးကားမှာ ဇန်နဝါရီ ဒုတိယပတ်တွင် ရုံဝင်လာမည် ဖြစ်သည်။

Body of Lies **ဇာတ်ကားမှ လီယိုနာဒို၏ သရုပ်ဆောင်ဟန်။**

ပါဝင်ထား

တန်းမြင့် မြို့မရုံတွင် မင်းသား ဆန်ဂျေးဒတ်၊ ဆူနီးလ်ရှက်သီး၊ အရှက်ရားနား၊ ပါရီတီဂျမ်းဂနီတို့ ပါဝင်ထားသော **Annarth** ဇာတ်ကားရုံဝင်လာသည်။ ဒုစရိုက်ဂိုဏ်းကို ဖြိုခွင်းလိုက်သော ရဲအရာရှိနှင့် တစ်ကိုယ်တော် လူစွမ်းကောင်း တစ်ယောက်အကြောင်း ရိုက်ကူးထားသော အက်ရှင်ဇာတ်ကားဖြစ်သည်။ ဘုရင့်ရုံတွင် ဆူနီးလ်ရှက်သီး၊ အာဂျေ့ဒေ့ဗ်ဂန်တို့ ပါဝင်ထားသော Black Mail ရုံဝင်လာသည်။

ဗီဒီယိုဇာတ်ကားများ

ဒါရိုက်တာညိုမင်းလွင် ရိုက်ကူးပြီး ဒွေး၊ စိုးမြတ်နန္ဒာ၊ ထူးမွန်၊ စိုးပြည့်သဇင်၊ သားညီ၊ ဖိုးကျော်တို့ ပါဝင်ထားသည့် **ပန်းပွင့်တွေရဲ့နေ့ ဓားသွားတွေရဲ့ည** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ မဟာမြိုင်ရုံတွင် ကြည့်ကြရမည်ဖြစ်သည်။ ရတနာပုံရုံတွင် **ပဉ္စသီလ** ဗီဒီယိုဇာတ်ကားရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် မင်းမော်ကွန်း၊ နေမျိုးအောင်၊ ထွန်းထွန်း၊ ဟိန်းဝေယံ၊ ကျော်ကျော်ဗို၊ ထွန်းအိန္ဒြာဗို၊ မျိုးစန္ဒီကျော်၊ ခိုင်နှင်းဝေ၊ မေကဗျာနှင့်ဝိုင်းစုခိုင်သိန်းတို့ ပါဝင်ထားသည့် လေဘေးရန်ပုံငွေဇာတ်ကားဖြစ်သည်။ ။

(မြန်မာ့အလင်း)

ပန်းပွင့်တွေရဲ့နေ့ ဓားသွားတွေရဲ့ည **ဗီဒီယိုဇာတ်ကားမှ ဒွေးနှင့်စိုးပြည့်သဇင်တို့၏ သရုပ်ဆောင်အမူအရာ။**

✱ *ရှေ့ဖုံးမှ*

တောင်ငူမြို့သို့ ရောက်ရှိသည့်အခါ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဖေသိန်းနှင့် တွေ့ဆုံရာ "ကျွန်တော်တို့ ပဲခူးတိုင်းအတွင်းမှာ စပါးစိုက်ဧကတွေ တိုးချဲ့ပြီး အထွက်နှုန်းတိုးတက်အောင် ကြိုးစားနေတာ အောင်မြင်မှု ရရှိနေပါတယ်။ ဂုန်လျှော်နဲ့ ရော်ဘာတွေလည်း စိုက်ဧကတွေ တိုးချဲ့ပြီး စိုက်ပျိုးနေတာတွေရှိတယ်။ စပါးစိုက်ပျိုးမှု ဆိုရင်လည်း သနပ်ပင်မြို့နယ် ထောင်မင်းကွင်းမှာ ဧက ၅၀၀၀ အထူးစိုက်ခင်း၊ ဒိုက်ဦးမြို့နယ် အတွင်းမှာ ဧက၃၀၀၀ အထူးစိုက်ခင်းနဲ့ ဖြူးမြို့နယ်မှာ ဧက ၅၀၀၀ အထူးစိုက်ခင်းတွေကို စနစ်တကျ ထူထောင်ပြီး စိုက်ပျိုးမှုတွေ ပြုလုပ်နေပါတယ်။ ဒါက တောင်သူတွေ ဝင်ငွေတိုးတက်စေဖို့ စိုက်ပျိုးမြေတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့နဲ့ စပါးအထွက်တိုးစေဖို့ အထူးအစီအစဉ်တွေ ဖြစ်ပါတယ်"ဟု ရှင်းပြသည်။

ထို့အပြင် ပဲခူးတိုင်းအတွင်း ဂုန်လျှော် တိုးချဲ့စိုက်ပျိုးနေမှုများ၊ မွန်ပြည်နယ် ကျိုက်ထိုခရိုင်နှင့် ပဲခူးခရိုင်ကို ဆက်သွယ်ထားသည့် ခရိုင်ချင်းဆက်လမ်း ဝဲယာ၌ ရော်ဘာစိုက်ပျိုးမှုများ၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဝဲယာ၌ ကျွန်းနှင့် သစ်မာစိုက်ပျိုးမှုများ၊ ဆီထွက်သီးနှံစိုက်ပျိုးမှုများအပြင် ပဲခူးတိုင်းအတွင်း စပါးအထွက်တိုးရန် စီမံဆောင်ရွက်နေမှုများကိုလည်း၄င်းက ရှင်းပြသည်။

ပူပန်စရာမလို

ထို့နောက် တောင်ငူမြို့မှ တစ်ဆင့် ဒိုက်ဦးမြို့နယ်သို့ဆက်လက်ထွက်ခွာခဲ့သည်။ ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်သည် ဆန်စပါး စိုက်ပျိုးဖြစ်ထွန်းမှု ကောင်းမွန်သော မြို့နယ်တစ်ခုဖြစ်သည်နှင့်အညီ လမ်းဘေးတစ်လျှောက် စပါးစိုက်ခင်းများကို မျက်စိတစ်ဆုံး မြင်တွေ့ရသည်။မြစ်ချောင်းအင်းအိုင် ပေါများသည့် မြို့နယ်လည်းဖြစ်သည့်အတွက်စပါးစိုက်ခင်းများမှာ ရေမရရှိရန် ပူပန်စရာ မလိုသည့် မြို့နယ်လည်း ဖြစ်သည်။

"ပဲခူးတိုင်းအတွင်းမှာ မြို့နယ်ပေါင်း ၂၈မြို့နယ်ရှိပါတယ်။ ဒေသရည်မှန်းချက် ကတော့ ၂၀၀၈-၂၀၀၉ခုနှစ်အတွင်းမှာ မိုးစပါး ၃၀၂၅၀၆၆ဧကနဲ့ နွေစပါးစိုက်ဧက ၄၅၀၀၀၀ စိုက်ပျိုးမယ်လို့ ရည်မှန်းထားခဲ့ပါတယ်။ ဇဟိုက လျာထားချက်ကတော့ ပဲခူးတိုင်း အနေနဲ့ မိုးစပါး ၃၀၁၁၁၈၂ ဧကနဲ့ နွေစပါးစိုက်ဧက ၄၃၀၀၀၀ စိုက်ပျိုးဖို့ လျာထားခဲ့တာ ဆိုတော့ အခု ကျွန်တော်တို့ လက်ရှိအနေအထားအရ ဒေသရည်မှန်းချက် အတိုင်း ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု ပဲခူးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တိုင်းမန်နေဂျာ ဦးကျော်သန်းက ရှင်းပြသည်။

ရှင်းပြ

ပဲခူးတိုင်းတွင် မြို့နယ် ၂၈ မြို့နယ်ရှိသည့်အနက် တစ်မြို့နယ်လျှင် ဧက ၁၀၀၀ ရှိသော မြို့ဝင်မြို့ထွက် စံပြ စိုက်ကွင်းများကို ထူထောင်ထားသည်မှာလည်း အားရကျေနပ်ဖွယ် တွေ့ရှိရသည်။ "ဒီလို မြို့ဝင် မြို့ထွက် စံပြစိုက်ခင်းတွေ ထူထောင်တာဟာ လမ်းသွားလမ်းလာ တောင်သူတွေ မြင်တွေ့ပြီး ပန်းတိုင်အထွက်နှုန်း ရောက်ရှိအောင် ကြိုးစားမယ်ဆိုတဲ့ စိတ်ဓာတ်ဝင်သွားအောင်နဲ့ စိုက်ပျိုးမှုအပိုင်းမှာ စနစ်တကျ အလေးထားဆောင်ရွက်နေတယ်ဆိုတာကိုပါ အမြဲတမ်းသိရှိသတိပြုမိစေရန်အတွက် ဖြစ်ပါတယ်။ ပဲခူးတိုင်းအတွင်းမှာ ဒီနှစ်အတွက် ဇဟိုရည်မှန်းချက်အဖြစ် စပါးတင်း သိန်းပေါင်း ၂၅၈၈ တင်းထွက်ရှိမယ်လို့ မျှော်မှန်းထားပါတယ်။ လက်ရှိ မိုးစပါး၊ နွေစပါး စိုက်ပျိုး

"ရည်မှန်းချက်ထက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်"
ဦးကျော်သန်း
တိုင်းမန်နေဂျာ
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
ပဲခူးတိုင်း။

ရိတ်သိမ်းမှုတွေအရ မျှော်မှန်းထားတာထက် ပိုမိုထွက်ရှိမယ်လို့ တွက်ချက်ထားပါတယ်"ဟု ပဲခူးတိုင်း မန်နေဂျာ ဦးကျော်သန်းက ဆက်လက် ရှင်းပြသည်။

စံပြစိုက်ကွင်း

ဒိုက်ဦးမြို့နယ် ဧက ၃၀၀၀ စံပြစိုက်ကွင်းကို ရောက်ရှိချိန်တွင် မွန်းလွဲ ၁နာရီ။ နေအပူရှိန် ပြင်းထန်မှုကို ဂရုမစိုက်နိုင်၊ ဝင်းမှည့် စပါးခင်းများ၊ အသီးအနှံ ပြည့်ဖြိုးပြီး ရိတ်သိမ်းမှုကို ငံ့လင့်နေသည့် စပါးကွင်းများက နေ့ခင်း နေအပူချိန် ပြင်းထန်သော်လည်း လေအသွဲ့မှာ ယိမ်းနွဲ့နွဲ့။ ဒိုက်ဦးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်မန်နေဂျာ ဦးငွေလှိုင်က "ဒိုက်ဦးမြို့နယ်အတွင်းမှာ မိုးစပါး

"ဒိုက်ဦးမြို့နယ်အနေနဲ့ မနှစ်ကထက် မိုးစပါး ပိုမိုထွက်ရှိခဲ့ပါတယ်"
ဦးငွေလှိုင်၊ ဒိုက်ဦးမြို့နယ်မန်နေဂျာ
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း။

စိုက်ဧက ၁၈၈၅၅၅ဧက ဒီနှစ် စိုက်ပျိုးထားပါတယ်။ မနှစ်က တစ်ဧက ၇၈ ဒသမ၉၇ တင်းနှုန်းထွက်ခဲ့ပြီး ဒီနှစ်မှာတော့ တစ်ဧက ၈၃ဒသမ၁၉တင်းနှုန်း ထွက်ရှိအောင် ကြိုးစားနေတာမို့ တစ်ဧကကို မနှစ်ကထက် ၄ဒသမ၂၂ ရာခိုင်နှုန်း ပိုထွက်မှာပါ။ နောက်ပြီး ရာသီဥတုကြောင့် မိုးများပြီး စပါးစိုက်ခင်းတွေ ထိခိုက်ပျက်စီးမှုလည်း မရှိခဲ့ပါဘူး။ အခုဆိုရင် စံပြစိုက်ကွင်းတွေ ရိတ်သိမ်းနေပါပြီ"ဟု ရှင်းပြသည်။

ထို့အပြင် တောင်သူများ ကုန်ကျစရိတ်ကာမိရန်အတွက် ဒေသနှင့် မြို့နယ် တာဝန်ရှိသူများကလည်း ဝိုင်းဝန်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပုံမှန်ဖြစ်နေ

ထို့နောက် ဒိုက်ဦးမြို့နယ် ကတုတ်ဘုရားကြီးကျေးရွာမှ စပါးစိုက် တောင်သူလယ်သမား တစ်ဦးဖြစ်သည့် ဦးကျော်ဇောအား သူအလုပ်လုပ်ကိုင်နေသော စပါးခင်းအတွင်း တွေ့ဆုံမေးမြန်းခဲ့ရာ "ဒီကွင်းက ကျည်းထောင်ကွင်းလို့ ခေါ်ပါတယ်။ ကျွန်တော်က မိုးစပါး ၂၅ဧက စိုက်ပျိုးတာပါ။ စပါးမျိုးတွေကတော့ ဆင်းသွယ်လတ်နဲ့ မော်ဘီ-၂ မျိုးတွေ ဖြစ်ပါတယ်။ မိုးစပါး ဧကအချို့ ရိတ်သိမ်းပြီးပါပြီ။ အထွက်နှုန်းက မနှစ်ကထက် နည်းနည်း ပိုပါတယ်။ ရိတ်ပြီးသမျှ စပါးတွေကတော့ ဒေသပေါက်ဈေးနဲ့ ဒိုက်ဦးမြို့နဲ့ ပဲခူးမြို့တွေက ကုန်သည်တွေ လာဝယ်နေတာပဲ။ သူ့ဈေးနဲ့သူ အရောင်းအဝယ် ပုံမှန်ဖြစ်နေပါတယ်"ဟု သတင်းအဖွဲ့သို့ ရှင်းပြသည်။

ဒေသပေါက်ဈေး ဆိုသည်မှာလည်း တောင်သူများက အမြတ်အစွန်းရ၍ ရောင်းချနေသည့် ဈေးဖြစ်ရာ ထိုက်တန်သော အမြတ်ငွေများ ရရှိနေကြောင်း သိရသည်။

"ရိတ်ပြီးသမျှ စပါးတွေ ရောင်းပြီးသွားပါပြီ"
ဦးတင်လှိုင်
တောင်သူ
ကတုတ်ရွာမကျေးရွာ။

ဒေသပေါက်ဈေး

ထို့နောက် ကတုတ်ရွာမကျေးရွာသို့ သွားရောက်ကာ စပါးစိုက်တောင်သူ ဦးတင်လှိုင်နှင့် တွေ့ဆုံမေးမြန်းရာ လယ်ကွက်အတွင်း အလုပ်လုပ်ရင်း "ဒီနှစ်ဧက ၂၀ စိုက်တယ်။ အထွက်နှုန်းကတော့ ရိတ်ပြီးသမျှ တစ်ဧက တင်း၈၀ကျော် ထွက်ပါတယ်။ ရာသီဥတုကြောင့်၊ သီးနှံဖျက်ပိုးကြောင့်၊ ရေမရမှုတို့ကြောင့် ဆိုတဲ့ အရာတွေ တစ်ခုမျှ မကျရောက်ခဲ့ပါဘူး။ အခု ကျွန်တော်ရိတ်ပြီးသမျှ စပါးတွေလည်း ရောင်းပြီးသွားပါပြီ။ ကုန်သည်တွေက စပါး စတင်ရိတ်ကတည်းက သူတို့ကိုရောင်းဖို့ ကွင်းထဲအထိ ဆင်းပြီး လာဝယ်ကြပါတယ်။ ဈေးကတော့ ဒေသပေါက်ဈေးပဲပေါ့"ဟု ရှင်းပြသည်။

စပါးစိုက် တောင်သူများနှင့် တွေ့ဆုံပြီး ဒိုက်ဦးမြို့ရှိ စပါးဝယ်ယူကြိတ်ခွဲနေသော ကံပွင့် ဆန်စက်သို့ သွားရောက်ခဲ့သည်။ ဆန်စက်ရှေ့တွင် စပါးအိတ်ချည်နေသူများ၊ စပါးလှန်းနေသူများကို တွေ့ရသလို ဆန်စက်အတွင်း စပါးအိတ်များကို အထပ်လိုက်စုပေါင်းထားရှိသည်ကို တွေ့ရသည်။

တင်ပို့ရောင်းချ

"ကျွန်တော်ကတော့ ဒိုက်ဦးမြို့နယ်အတွင်းက စပါးတွေ ဝယ်ယူကြိတ်ခွဲတာ များပါတယ်။ ဝယ်ယူတဲ့နေရာ၊ အချိန် မသတ်မှတ်ထားပါဘူး။ ၂၄နာရီ ဝယ်ယူနေတာပါပဲ။ ဈေးကတော့ လက်ရှိဒေသ ပေါက်ဈေးနဲ့ပဲ ဝယ်ယူနေတာပါ။ ဒီနှစ် အခုအချိန်အထိ စပါးတင်း ၂၁၀၀၀၀ ကျော် ဝယ်ယူပြီးဖြစ်ပါတယ်။ စပါးမျိုးကတော့ ကျော်ဇေယျမျိုးကို ဝယ်ယူတာပါ။ ဒီစပါးတွေကို ကြိတ်ခွဲပြီး မိတ္ထီလာ၊ မန္တလေး၊ ပျော်ဘွယ်နဲ့ တောင်ကြီးမြို့တွေဆီတင်ပို့ရောင်းချပါတယ်။ စပါးတွေကို ဆက်လက်ပြီး ဝယ်သွားဦးမှာပါ"ဟု ကံပွင့်ဆန်စက်ပိုင်ရှင် ကိုအောင်မျိုးဇော်က ရှင်းပြသည်။

ကံပွင့်ဆန်စက်အတွင်း စပါးအိတ်များ ပြည့်ကျပ်နေသည်မှာ နေရာလွတ်မရှိအောင် မြင်တွေ့ရသည်။ ဆန်စက်လည်သံ၊ အလုပ်သမားများ၏ စကားပြောသံနှင့် လုပ်ငန်းခွင် ဝင်ရောက်နေမှုများဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်နေသည်။

ဝယ်ယူနေ

ထိုမှတစ်ဆင့် ဒိုက်ဦးမြို့ ဒဂုံမန်းလမ်းဘေးရှိ ဒေသထွက်စပါးများကို ဝယ်ယူ ကြိတ်ခွဲနေသည့် မြသဇင်ဆန်စက်သို့ သွားရောက်လေ့လာရာ "စပါးအရောင်းအဝယ်ကတော့ ပုံမှန် ဖြစ်နေပါတယ်။ တချို့တွေ ပြောနေသလို စပါးအရောင်းအဝယ်နဲ့ ပတ်သက်ပြီး ပြောဆိုနေကြတာတွေက မမှန်ပါဘူး။ ကျွန်တော်တို့ကတော့ မနှစ်ကလိုပဲ ပုံမှန်ဝယ်ယူကြိတ်ခွဲနေတာပါပဲ။ ကျွန်တော်တို့ အဝယ်များတာက ကျော်ဇေယျစပါးမျိုး၊ မနောသုခ စပါးမျိုးတွေ ဝယ်တာပါ။ ဒါကလည်း ဒီဒေသက ဒီစပါးမျိုးတွေ အထွက်များလို့ပါ။ မိုးစပါးအနေနဲ့ တင်း ၇၀၀၀ကျော် ဝယ်ပြီးပါပြီ။ စပါးဝယ်ယူတဲ့အခါမှာ ဆန်စက်ကို လာရောင်းတာ ဝယ်သလို၊ ကုန်သည်တွေဆီကလည်း ဈေးကိုက်ညီရင် ဝယ်တာပါပဲ။ လိုအပ်ရင် ကွင်းထဲရောက်အောင် ဆင်းပြီး ဝယ်ယူနေပါတယ်" ဟု မြသဇင်ဆန်စက်မှ တာဝန်ခံ ကိုတင်ဝင်းအောင်က စပါးလာ ရောင်းချသူများ၊ အလုပ်သမားများကို ညွှန်ကြားရင် ဖြေကြားသည်။

ဒေသပေါက်ဈေးနှင့် ဝယ်ယူခြင်းဆိုသော်လည်း တောင်သူများ ရောင်းနိုင်သည့် ဈေးနှင့်ဝယ်ယူခြင်းဖြစ်ရာ တောင်သူများအတွက် နစ်နာမှု မရှိချေ။ တောင်သူများကလည်း တွက်ခြေကိုက်၍ ရောင်းချနေခြင်းဖြစ်ရာ ထိုက်တန်သော အကျိုးအမြတ်များ ရရှိမည်ဖြစ်သည်။

မြသဇင် ဆန်စက်ရှေ့တွင်လည်း စပါးအိတ်များ အထပ်လိုက်ပုံထားမှု၊ စပါးများ ပိုမိုခြောက်သွေ့အောင် နေလှန်းနေမှုများကို အလုပ်သမားများက သွက်သွက်လက်လက် လုပ်ဆောင်နေကြသည်ကို တွေ့ရသည်။ ထို့အပြင် ကားလမ်းဘေးရှိ ဆန်များတင်ဆောင်နေသောဆယ်ဘီးကားကြီးများကိုလည်း မြင်တွေ့ရသဖြင့် ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်သည် စပါးစိုက်ပျိုးမှု၊ ရိတ်သိမ်းမှုနှင့် ပုံမှန်ရောင်းဝယ်ဖောက်ကားနေမှုများကို မျက်မြင်တွေ့ခဲ့ရသည်။ **စပါးရောင်းဝယ်ရာတွင် ဆန်စပါးများကို ပုဂ္ဂလိက ကုန်သည်ကြီးများ၊ ဆန်စက်ပိုင်ရှင်များက သာမက မြန်မာစီးပွားရေး ကော်ပိုရေးရှင်းတို့ကလည်း ဒေသ ပေါက်ဈေးအတိုင်း ဝယ်ယူလျက်ရှိသည်။ အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်ကလည်း ဝယ်ယူလျက်ရှိပြီး ပြည်ပသို့တင်ပို့ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**

သတင်းအဖွဲ့အနေဖြင့် ဒိုက်ဦးမြို့နယ်အတွင်းမှ ပဲခူးမြို့သို့ ပြန်အထွက်၌ ညဂုနာရီထိုးပြီ ဖြစ်သည်။ နောက်နေ့တွင် သနပ်ပင်မြို့နယ်နှင့် ညောင်လေးပင်မြို့နယ်များသို့ ခရီးဆက်ရပေဦးမည်။ ။

(မြန်မာ့အလင်း)

■ *ကျောဖုံးမှ*

ဂုဏ်ယူဝမ်းမြောက်

စစ်ကိုင်းတိုင်း ကလေးမြို့တောင်ဘက် ၅မိုင်ခန့် ဝေးကွာသော ကလေး-ဂန့်ဂေါ ကားလမ်း၏ အနောက်ဘက် "ထိုမာ"ကျေးရွာအုပ်စု၊ သာယာဝတီကျေးရွာအနီး အကျယ်အဝန်း ၄၈ဒသမ၁၂ဧက မြေနေရာပေါ်တွင် ၁၉၉၉ခုနှစ် ဒီဇင်ဘာ၂၇ရက်က တည်ဆောက်ဖွင့်လှစ်ခဲ့သော အစိုးရ စက်မှုလက်မှုသိပ္ပံ ကျောင်းမှသည် ၂၀၀၁ခုနှစ် အောက်တိုဘာ၅ရက်၌ အစိုးရနည်းပညာကောလိပ်အဖြစ်မှ ၂၀၀၇ခုနှစ် ဇန်နဝါရီ၂၀ရက်တွင် အစိုးရနည်းပညာတက္ကသိုလ်(ကလေး)အဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့သည်မှာ ဒေသခံ တိုင်းရင်းသားပြည်နယ်သား၊ ပြည်နယ်သူတို့အတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ပင်ဖြစ်သည်။

ပြုစုပျိုးထောင်

ဤနည်းပညာတက္ကသိုလ်မှ လက်ရှိသင်ကြားပေးနေသော ဘာသာရပ်များမှာ မြို့ပြအင်ဂျင်နီယာသင်တန်း၊ အီလက်ထရွန်နစ် အင်ဂျင်နီယာသင်တန်း၊ လျှပ်စစ်စွမ်းအားသင်တန်း၊ စက်မှုစွမ်းအားသင်တန်း၊ C.N.C သင်တန်းများဖြစ်ပြီး ဟားခါး၊ ဖလမ်း၊ တီးတိန်၊ တွန်းဇန်မြို့နယ်များအတွင်းရှိ ကျောင်းသား ကျောင်းသူများ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍနှင့် အညီ အရည်အချင်းပြည့်ဝသော အသိပညာရှင်၊ အတတ်ပညာရှင်များ ပြုစုပျိုးထောင်ပေးလျက်ရှိပါကြောင်း သတင်းမှတ်စု မှတ်တမ်းပြုရေးသားလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

စီးပွားရေးတက္ကသိုလ် ကျောင်းသားကျောင်းသူများ (၁၉၆၆-၁၉၇၀) အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၇

၁၉၆၆-၁၉၇၀စာသင်နှစ် ကျောင်းသား ကျောင်းသူများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကို ဒီဇင်ဘာ၁၄ရက် (တနင်္ဂနွေနေ့)တွင် Western Park Royal ကန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်နိုင်

၁၉၆၆-၁၉၇၀စာသင်နှစ်အတွင်း တွေ့ဆုံခဲ့ကြသည့် သူငယ်ချင်းများ အားလုံး တက်ရောက်နိုင်ကြပြီး အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲအတွက် ပါဝင်လှူဒါန်းလိုသူများသည် ဦးစိန်ဝင်း ဖုန်း-၀၉-၅၀-၃၇၉၆၂၊ ၇၂၁၅၇၀၊ ဦးတင်ထွန်း ဖုန်း- ၀၉-၅၁-၁၃၁၉၅၊ ၂၉၄၉၁၈၊ ဒေါ်ညိုမီကြည် ဖုန်း-၀၉-၅၀-၀၃၀၉၂၊ ၅၈၀၂၅၈၊ ဒေါ်ဆွေတင်ဝင်း(မန္တလေးမြို့) ဖုန်း-၀၂-၃၆၉၀၀နှင့် ဦးခိုင်စိန် ဖုန်း-၀၉-၅၀-၃၈၀၁၂၊ ၂၉၄၉၁၈နှင့် ၂၀၃၂၁၂တို့သို့ ဆက်သွယ်နိုင်ကြောင်းနှင့် သီးခြားဖိတ်စာပို့မည်မဟုတ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

The Live News ဂျာနယ် အမှတ် (၁၀၈) ထုတ်ဝေဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၇

ယခုအပတ်ထုတ် The Live News ဂျာနယ် အမှတ်(၁၀၈)တွင် မြင်းမှူမောင်နိုင်မိုး၏ ရေချိုနှင့် ရေငန်၊ ပေးဆပ်သူများ၊ နီမင်းဆွေ၏ ကမ္ဘာကြီးအတွက် စကားတစ်ခွန်း (၃)၊ ကိုကိုလှိုင်၏ ဘယ်သူမပြု မိမိမှု အမေရိကန်နှင့် အီရန်ဆိုင်ရာမူဝါဒ၊ ကို(တက္ကသိုလ်)၏ ကျေးဇူးသစ္စာ၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက သမိုင်းတင်အဝိုင်းကြီးများ (Round-about) (၉)၊ နီငြိမ်း(အညာတက္ကသိုလ်)၏ ကမ္ဘာ့အရှေ့ဖျားမှ ဖွံ့ဖြိုးဝေစည် ဂျပန်ပြည်အပိုင်း(၂)၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေ ချယ်ရီမြေ(၁၁)၊ အာရှမိုး၏ လူငယ်လူရွယ်များအတွက် ဝါသနာထက်သန်ရာ အလုပ်အကိုင်များအား ပုံဖော်ပေးမည့် သင်တန်းကျောင်း၊ ဒေါက်တာဝင်းလေး(တောင်ကြီး)၏ Essential Algae (သို့မဟုတ်) "မရှိမဖြစ်ရေညှိ"၊ ၁၁နှစ်ကြာတဲ့အထိ မမေ့သေးတဲ့ ပရိသတ်ကို လေးစားတယ်ဆိုတဲ့ တေးသံရှင် သျှီ၊ ဖောင်ဖျက်၍တိုက်ဖို့ ပြင်ဆင်လာသော ထိုင်းနိုင်ငံရေး ဇာတ်လမ်းတစ်ကွက်၊ အမေရိကန်ဘဏ္ဍာရေးကျဆင်းမှုက ဂျပန်နိုင်ငံကိုပါ ရိုက်ခတ်လာ၊ ခတ်ကွင်းထဲပြန်ဝင်လာတဲ့ ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်၊ စက္ကူ၊ ပုလင်းသမားပါမကျန် အဖျားခတ်သွားခဲ့တဲ့ အမေရိကန် ငွေကြေးအကျပ်အတည်းမုန်တိုင်း၊ အိုဘားမား၏ မှတ်သားဖွယ်ရာမိန့်ခွန်းကောက်နုတ်ချက်များ၊ ပင်လယ်ပျော်မင်းသား အပိုင်း (၅၁၊ ၅၂)၊ ကျွန်တော်တင်တဲ့ မင်းသမီး အပိုင်း (၁၂) စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်ကို အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူ အိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ-၁၃စောင် ငွေကျပ် ၅၈၅၀၊ ခြောက်လ-၂၆စောင် ငွေကျပ် ၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ်၃၁၀ အခန်း(၀၀၄) ဝါးတန်းလမ်း လမ်းမတော် မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊၂၂၉၈၈၅နှင့် MARKET CARE (Distribution Service) အမှတ် ၅၅ (ပထမထပ်) ဝါးတန်းလမ်း လမ်းမတော် မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀-၀၈၀၄၇ တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ခုနှစ် နိုဝင်ဘာလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

၃၀-၁၁-၂၀၀၈ ရက်နေ့

၂၀၀၈ခုနှစ် ဒီဇင်ဘာလအတွက်

၁၄-၁၂-၂၀၀၈ ရက်နေ့နှင့် ၂၈-၁၂-၂၀၀၈ ရက်နေ့

နဝမအကြိမ်

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ

၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ(၂-၃)ရက်နေ့

နေပြည်တော်

တိုင်းရင်းဆေး ဘယကင်းဝေး ပြည်သူ့ကျန်းမာရေး

မြန်မာ့အမွေမှန် ဘိုးဘွားပညာဟန် တိုင်းရင်းဆေးညီလာခံ

အမှတ်(၂)စက်မှုဝန်ကြီးဌာန သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၇

အမှတ်(၂) စက်မှုဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် 3D Modeling for Pro Engineer သင်တန်းအမှတ်စဉ် (၁/၂၀၀၈)ဖွင့်ပွဲကို နိုဝင်ဘာ ၂၅ရက် နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာခိုင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်းများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာခိုင်က အမှာစကားပြောကြားပြီး သင်တန်းခန်းမအတွင်း သင်ကြားပို့ချမှုကို ကြည့်ရှုအားပေးသည်။

အမှတ်(၂)စက်မှုဝန်ကြီးဌာနသည် ဝန်ထမ်းများအား ကွန်ပျူတာဆိုင်ရာ ပညာရပ်များကို စီစဉ်သင်ကြားပေးလျက်ရှိရာကွန်ပျူတာအခြေခံသင်တန်း၊ ကွန်ပျူတာအသုံးပြု စက်မှုဒီဇိုင်းရေးဆွဲခြင်းနှင့်ထုတ်လုပ်ခြင်းသင်တန်းတို့ကို ဖွင့်လှစ်ပေးခဲ့ပြီး ယခုအခါ 3D Modeling for Pro Engineer သင်တန်းကို အသစ်ထပ်မံဖွင့်လှစ်ခြင်းဖြစ်သည်။ အဆိုပါ သင်တန်းသို့ အမှတ်(၂)စက်မှုဝန်ကြီးဌာနမှသင်တန်းသား ၂၀ တက်ရောက်ကြပြီးသင်တန်းကာလမှာ တစ်လကြာမြင့်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးပပျောက်ရေး အသိပေးဟောပြောပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့၏ မူးယစ်ဆေးဝါးပပျောက်ရေး အိမ်သုံးဆေးဝါးများအန္တရာယ် ဆိုးကျိုးများနှင့် ပတ်သက်၍ အသိပေးဟောပြောပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက မင်္ဂလာတောင်ညွန့် မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်အရှေ့ပိုင်းခရိုင်မူးယစ်မှုတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများတက်ရောက်ကြသည်။

ထို့နောက် မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကံဝင်း**(အပေါ်ပုံ)**၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ ဒုတိယရဲမှူးခင်မာဝင်း၊ မြို့နယ် ဥပဒေအရာရှိ ဦးသန်းနိုင်၊ မြို့နယ်တရားသူကြီး ဦးတင်လတ်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မူးယစ်အထူးအဖွဲ့မှ ရဲအုပ်မြင့်သိန်းနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာဥမ္မာမြင့်တို့က မူးယစ်ဆေးဝါးနှင့်အိမ်သုံးဆေးဝါးများ သုံးစွဲခြင်း၏ အန္တရာယ်ဆိုးကျိုးများ အကြောင်းကို ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၁၉၇၉ခုနှစ် မြို့ပြအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူဟောင်းများ (၁၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၇

နှစ်စဉ်ကျင်းပမြဲဖြစ်သော ၁၉၇၉ခုနှစ် မြို့ပြအင်ဂျင်နီယာ ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၀)ကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲနှင့် သူငယ်ချင်းများ တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၇ရက် (စနေနေ့)တွင် ရန်ကုန်မြို့ မြရိပ်ညိုရွှိုင်ရယ်ဟိုတယ်(မြက်ခင်းပြင်)၌ မြို့ပြအင်ဂျင်နီယာ ကျောင်းသားဟောင်းများ ပူဇော်ပွဲနှင့်အတူ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် ဦးဝင်းမောင် ဖုန်း-၀၉-၅၀-၀၇၁၅၂၊ ဒေါ်စန်းစန်း ဖုန်း-၆၄၂၆၂၆၊ ဒေါ်ပြုံးပြုံးဦး ဖုန်း-၅၇၈၅၃၄၊ ဒေါ်ဆွေဆွေမြင့် ဖုန်း-၃၈၉၇၈၀၊ ဒေါ်စန်းစန်းဝေ ဖုန်း-၆၄၅၇၆၂ နှင့် ဒေါ်ညွန့်ညွန့်ဆွေ ဖုန်း-၄၄၁၁၄၉၉ တို့သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရေးမြို့နယ်အတွင်း မွန်ဓားပြများက သစ်ခုတ်သမားများကို ဓားဖြင့်ခုတ်သဖြင့် သုံးဦးသေဆုံးပြီး ၁၂ဦး ဒဏ်ရာအသီးသီးရရှိခဲ့

နေပြည်တော် နိုဝင်ဘာ ၂၇

မွန်ပြည်နယ် ရေးမြို့နယ် မာန်အောင်ကျေးရွာ၏ အရှေ့မြောက်ဘက်တစ်ဝိုက်၌ သစ်ခုတ်နေသူများအား နိုဝင်ဘာ ၂၅ရက်တွင် အဆိုပါနယ်မြေရှိ မွန်ဓားပြ ချမ်းဒိန်နှင့်အဖွဲ့က ဓားဖြင့်ခုတ်သဖြင့် သုံးဦးသေဆုံးပြီး ၁၂ဦး ဒဏ်ရာအသီးသီးရရှိခဲ့ကြောင်း သိရသည်။

သေဆုံး

ဖြစ်ပွားပုံမှာ ရေးမြို့နယ်၏ အရှေ့မြောက်ဘက် မာန်အောင်ကျေးရွာအနီး တောအုပ်အတွင်း၌ သစ်ခုတ်နေသော အရပ်သား ၁၉ဦးအား ချမ်းဒိန်ခေါင်းဆောင်သည့် မွန်ဓားပြအဖွဲ့က ဖမ်းဆီးချုပ်နှောင်ပြီး သစ်ခုတ်သမားများသည် တပ်မတော်စစ်ကြောင်းများသို့ ၎င်းတို့၏သတင်းများကို ပေးပို့ခဲ့သဖြင့် ၎င်းတို့ သေကျေဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ရသည်ဟု အကြောင်းပြကာ ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ၎င်းနောက် သစ်ခုတ်သမားများအား ဓားဖြင့်ခုတ်ခဲ့သဖြင့် ဧရာဝတီတိုင်း မအူပင်မြို့နေသူများဖြစ်ကြသော မောင်ညိုချော အသက်(၃၀)၊ စိုင်းမောင်မောင် (၂၆)နှစ်နှင့် အမည် (စိစစ်ဆဲ) တစ်ဦး စုစုပေါင်းသုံးဦး သေဆုံးခဲ့ပြီး၊ မွန်ပြည်နယ် သိမ်ဇရပ်မြို့နေ မောင်သက်မင်းဦး (၁၉)နှစ်နှင့် မလှဲ့လှဲ့ဝင်း (၁၆)နှစ်၊ ကျိုက်ထိုမြို့နေသူများဖြစ်သော မောင်ချစ်သဲအောင် (၁၇)နှစ်၊ မောင်ချစ်မင်းသူ (၁၉)နှစ်၊ မဝါဝါခိုင် (၁၂)နှစ်၊ မချစ်ချစ်ဝေ (၁၉)နှစ်၊ မောင်ဝင်းကိုဦး အသက်(၂၀)၊ ရန်ကုန်တိုင်း တွံတေးမြို့နေ ဦးမင်းဇော် (၃၃)နှစ်နှင့် ရန်ကုန်မြို့နေ မောင်ဖိုးဇော် အသက်(၂၀)၊ ဧရာဝတီတိုင်း ပုသိမ်မြို့နေ မောင်နေလင်းအောင်(၁၅)နှစ်နှင့် ဟသ်ာတမြို့နယ် သံကြိုးတန်းကျေးရွာနေ ဦးဝင်းအောင် (၃၃)နှစ်၊ ရခိုင်ပြည်နယ် မြေပုံမြို့နေ ဦးဝင်းနိုင် (၃၃)နှစ် စုစုပေါင်း ၁၂ဦး ဓားဒဏ်ရာ အပြင်းအထန်ရရှိခဲ့ကာ လေးဦးမှာ ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့

ဒဏ်ရာရရှိသူများအား ရေးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိပြီး တာဝန်ရှိသူများက အဝတ်အထည်၊ စားသောက်ဖွယ်ရာ၊ စောင်၊ ဆေးဝါးနှင့် လိုအပ်သည်များ ထောက်ပံ့ပေးလျက်ရှိကြောင်းနှင့် ချမ်းဒိန် ခေါင်းဆောင်သည့် မွန်ဓားပြအဖွဲ့နောက်သို့ နယ်မြေခံတပ်များက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လီဗာပူး၊အက်သလက်တီကိုနှင့်ဘာစီလိုနာတို့နိုင်ပွဲရ ချန်ပီယံလိဂ်နောက်တစ်ဆင့်သို့ တက်ရောက်ကြပြီ

စုစည်းရေးသားသူ - မောင်ချစ်ကြည် —— စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

လန်ဒန် နိုဝင်ဘာ ၂၇

ချန်ပီယံလိဂ်အုပ်စု ပွဲစဉ်(၅)ကို နိုဝင်ဘာ ၂၇ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ လီဗာပူး၊ ဘာစီလိုနာ၊ အက်သလက်တီကိုမက်ဒရစ်တို့ နိုင်ပွဲများရရှိကာ ချန်ပီယံလိဂ်နောက်တစ်ဆင့်တက်ရောက်သွားပြီ ဖြစ်သည်။

လီဗာပူးနှင့် မာဆေး

အိမ်ကွင်း၌ကစားရသော်လည်း လီဗာပူးတို့ အသာစီးမှမကစားနိုင်ခဲ့ချေ။ ဒရက်ကွတ်ဦးဆောင်သော လီဗာပူးတိုက်စစ်မှူးများက မာဆေးနောက်တန်းကို ထိုးဖောက်ကစားခဲ့ရာ ခြောက်ကြိမ်ဂိုးသွင်းခွင့်ရရှိပြီး အပိုင်ကန်သွင်းခွင့် လေးကြိမ်ရရှိခဲ့သည်။

နောက်တစ်ဆင့်တက်

ဘင်အာဖာနှင့် ဘာကာရီကိုနီတို့ တိုက်စစ်အတွဲနှင့် လီဗာပူးကို ရင်ဆိုင်ခဲ့သော မာဆေးတို့က စိတ်ဓာတ်ပြင်းပြင်းနှင့် ကစားခဲ့ရာ အပိုင်ကန်သွင်းခွင့် လေးကြိမ်ရရှိသော်လည်း တစ်ဂိုးမျှ မသွင်းနိုင်ခဲ့ပေ။ လီဗာပူးအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၂၃မိနစ်၌ ဂျရတ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ အုပ်စု(ဃ)၌ လီဗာပူးတို့ ငါးပွဲကစား ၁၁ မှတ်ဖြင့် နောက်တစ်ဆင့်တက်ရောက်သွားပြီ ဖြစ်သည်။

ထိုးဖောက်

လီဗာပူးနှင့် မာဆေးတို့ပွဲတွင် လီဗာပူးမှ ဂျရတ်(ယာ)ဉ်သို့ ထိုးဖောက် ကစားခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

စပို့တင်းလစ္စဘွန်းနှင့် ဘာစီလိုနာ

အဝေးကွင်းဖြစ်သော်လည်း ဘာစီလိုနာတို့ တစ်ဖက်သတ် ဖိကစားနိုင်ခဲ့သည်။ မက်ဆီ၊ အွန်နရီ၊ ဟဲဘ်၊ ဆာဗီနှင့် ဂတ်ဂျွန်ဆင်တို့ကို အပြည့်ထုတ်သုံးခဲ့သဖြင့် စပို့တင်းတိုက်စစ်မှူး ယန်နစ်နှင့် လိဒ်ဆင်တို့လည်း မလှုပ်သာအောင် ဖြစ်ခဲ့ရသည်။ ဘာစီလိုနာအတွက် ဂိုးများကို ၁၄မိနစ်၌ အွန်နရီ၊ ၁၇မိနစ်၌ ဗီကျီ၊ ၄၉မိနစ်၌ မက်ဆီ၊ ၆၇မိနစ်၌ စပို့တင်းမှ ကာနေးရာ ကိုယ့်ဂိုးကိုယ်သွင်းမိသဖြင့် တစ်ဂိုး၊ ၇၃မိနစ်၌ ဘိုဂျန်ကာကစ်က ပယ်နယ်တီပြစ်ဒဏ်ဘောမှ တစ်ဂိုးသွင်းယူခဲ့သဖြင့် ငါးဂိုးရရှိခဲ့သည်။ စပို့တင်းအတွက် ချေပဂိုးနှစ်ဂိုးကို ၆၅မိနစ်၌ ဗီလိုဆိုနှင့် ၆၆မိနစ်၌ လိဒ်ဆင်တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဘာစီလိုနာတို့ နောက်တစ်ဆင့်သို့ တက်ရောက်သွားပြီ ဖြစ်သည်။

ဂိုးသွင်း

စပို့တင်းနှင့် ဘာစီလိုနာတို့ ပွဲတွင် ဘာစီလိုနာမှ ကာကစ်(လယ်)ဉ်သို့ ဂိုးသွင်းယူခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

အက်သလက်တီကိုနှင့် ပီအက်စ်ဗွီ

အက်သလက်တီကိုတို့ နိုင်ပွဲရအောင် မနည်းကြိုးစားခဲ့ရသည်။ ပီအက်စ်ဗွီမှ လာဇိုဗစ်တို့အုပ်စု အကြိမ်ကြိမ်ထိုးဖောက်မှုကို အက်သလက်တီကို နောက်တန်းမှ ပီမီရာတို့ ကြိုးစားဟန့်တားခဲ့ရသည်။ အက်သလက်တီကိုမက်ဒရစ်အတွက် အဖွင့်ဂိုးကို ၁၄မိနစ်၌ ဆီမာနိုက သွင်းယူပေးပြီး ဒုတိယဂိုးကို ၂၈မိနစ်၌ ရိုဒရီကွက်ဇ်က သွင်းယူခဲ့သဖြင့် နှစ်ဂိုး ရရှိခဲ့သည်။ ပီအက်စ်ဗွီအတွက် ချေပဂိုး တစ်ဂိုးကို ၄၇မိနစ်၌ ကိုဗာမင်က သွင်းယူပေးခဲ့သဖြင့် အက်သလက်တီကိုတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ချန်ပီယံလိဂ်နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အင်တာနှင့် ပါနာသီနိုင်းကို့စ်

အင်တာလည်း အိမ်ကွင်း၌ ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ အက်ဒရီရာနိုနှင့် အီဘရာဟင်မိုဗစ်တို့က အပိုင်ကန်သွင်းခွင့်များ ရရှိခဲ့သော်လည်း တစ်ဂိုးမျှမသွင်းနိုင်ခဲ့ချေ။ ပါနာသီနိုင်းကို့စ်အတွက် အနိုင်ဂိုးကို ၆၉မိနစ်၌ နောက်ခံလူ ဆာရီဂီက သွင်းယူပေးခဲ့ခြင်းဖြစ်ရာ ပွဲချိန်ပြည့်သည်အထိ ချေပဂိုးမသွင်းနိုင်ခဲ့၍ အင်တာမီလန် တို့ ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

ထို့အတူ အုပ်စု(ခ)မှ အနော်သိုးဆစ်နှင့် ဝါဒါဘရီမင်တို့ နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ပြီး အုပ်စု(က)မှ ဘော်ဒိုးနှင့် ချယ်လ်ဆီးတို့ တစ်ဂိုးစီသရေပွဲဖြစ်ပြီး ကလုချ်နှင့် ရိုးမားတို့ပွဲတွင် ရိုးမားတို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

(အင်တာနက်)

ရေအားလျှပ်စစ်နှင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး

အောင်ရန်နိုင်

ဤကမ္ဘာတွင် မှီတင်းနေထိုင်ကြကုန်သော လူသားတို့သည် ရေနှင့်ကင်းကွာ၍ ရပ်တည်ခြင်းငှာမစွမ်းနိုင်ကြပါ။ ရေသည် လူသားတို့၏ အသက်ရှင်ရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးစသည့် ကိစ္စတို့တွင် မရှိမဖြစ်လိုအပ်သည့် အဖိုးတန်သယံဇာတတစ်မျိုးပင် ဖြစ်ပါ၏။

မြန်မာတို့၏ ရှေးထုံးစဉ်လာစကားတစ်ခုမှာ **ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်** ဖြစ်ပါသည်။ အစားအသောက်မစားဘဲ ခုနစ်ရက်အသက်ရှင်နေထိုင်နိုင်သော်လည်း ရေမသောက်ဘဲ တစ်မနက်ခင်းနေရမည်ဆိုပါက ကြီးစွာဒုက္ခရောက်ကြောင်း ဖော်ညွှန်းထားသည့် စာပိုဒ်လေး ဖြစ်ပါသည်။

နိုင်ငံတစ်ခု၏ အရေးကြီးသည့် အခြေခံသယံဇာတမှာ ရေနှင့်မြေပင်ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် အခြေခံသယံဇာတ ဖြစ်သည့် ရေနှင့်မြေတို့ပေါကြွယ်ဝသည့် နိုင်ငံဖြစ်နေခြင်းမှာ ကံကောင်းခြင်းတစ်ရပ်ဟုဆိုရပါမည်။ ရေခံမြေခံကောင်းရှိသော မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိသည်။

တိုးတက်နေသည့် နိုင်ငံများတွင် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများကို ရေသယံဇာတမှ ထုတ်ယူကြသည်။ လျှပ်စစ်ဓာတ်အားထုတ်ယူ သုံးစွဲနိုင်မှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အကျိုးပြုလျက် ရှိပါသည်။

စက်မှုထွန်းကားသည့် နိုင်ငံကြီးများတွင် လျှပ်စစ်ဓာတ်အားကို ရေသယံဇာတမှ ထုတ်ယူကြသည့်အပြင် အခြားနည်းလမ်းနှစ်ခုဖြင့်လည်း လျှပ်စစ်ဓာတ်အားကို စက်ရုံများတည်ဆောက်၍ ထုတ်ယူသုံးစွဲကြလေသည်။ ယင်းတို့မှာ -

(၁) အပူသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ (THERMAL POWER STATION)

(၂) နျူကလီးယားသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ (NUCLEAR POWER STATION)

မြန်မာနိုင်ငံ၌ ရေသယံဇာတသည် ရာသီဥတုမရွေးရရှိနိုင်သည့် အခြေခံပစ္စည်း ဖြစ်သည်။ ရေသယံဇာတကို အချိန်အခါမရွေး သုံးစွဲနိုင်အောင် စနစ်တကျသိုလှောင် ထိန်းသိမ်းထားနိုင်ပါက လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို ကောင်းစွာ ဆောင်ရွက်နိုင်ပေသည်။

"ရေအားလျှပ်စစ်ထုတ်လုပ်ခြင်း အခြေခံမှာ အမြင့်နေရာ၌ရှိသော ရေ၏စွမ်းအားကို ရေတာဘိုင်(WATER TARBINE)နှင့် လျှပ်စစ်ထုတ်စက် (GENERATOR) အသုံးပြုပြီး လျှပ်စစ်စွမ်းအား (ELECTRIC POWER) ထုတ်လုပ်ခြင်းပင် ဖြစ်သည်။"

ထုတ်ယူရရှိနိုင်သည့်လျှပ်စစ်စွမ်းအားကို အခြေခံအားဖြင့် (Kilo Watt) ဖြင့် ဖော်ပြကြသည်။ စက်ရုံကြီးမှထုတ်လုပ်မှုကို မဂ္ဂါဝပ် (MEGA WATT) ဖြင့်ဖော်ပြ၏။ လျှပ်စစ်ပါဝါ (ELECTRIC POWER) သည် ရေအမြင့်မီတာ (HIGHMETER) နှင့် ရေထုဖြတ်နှုန်း ($METER^2SEC$) ပေါ်မူတည်သည်။ ရေတာဘိုင်၏ စွမ်းရည် (EFFICIENCY) နှင့် လျှပ်စစ်စက်၏ စွမ်းရည်တို့ကို မြှောက်ခြင်းဖြင့် ထုတ်ယူရရှိနိုင်သည့်လျှပ်စစ်စွမ်းအားကို ရရှိနိုင်ပေသည်။

ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစီမံကိန်းတစ်ခု ရေးဆွဲရာတွင် အောက်ပါ(၁၂)ချက်ကို မှီငြမ်းစဉ်းစားကြ၏။ အခြားအရေးကြီးအချက်များကိုလည်း ထပ်မံထည့်သွင်း စဉ်းစားရ၏-

(၁) ရေစီးအနေအထား
(၂) နေရာ၊ ဒေသ၊ ဘူမိဗေဒအချက်အလက်များ
(၃) စွမ်းအားတောင်းဆိုချက်နှင့် ထုတ်ပေးနိုင်မှု
(၄) ဆောက်လုပ်ရန် ကုန်ကျမည့်စရိတ်
(၅) ထုတ်လုပ်မှုစရိတ်နှင့် အမြတ်
(၆) မြစ်တစ်ခုလုံး၏ ဖွံ့ဖြိုးမှု
(၇) ရေအားလျှပ်စစ်နှင့် အပူသုံးလျှပ်စစ်တို့ ပေါင်းစပ်ထုတ်လုပ်ပေးရေး
(၈) ရှိရင်းစွဲ လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် အနာဂတ်လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ဆက်စပ်မှု
(၉) မြေနေရာအတွက်လျော်ကြေး
(၁၀) ပြီးဆုံးသည်အထိ ဆောက်လုပ်ချိန်
(၁၁) လိုအပ်သည့် ပို့လွှတ်လိုင်း (TRANSMISSION LINE) နှင့် လျှပ်စစ်စက်ရုံခွဲများ (SUB STATIONS)
(၁၂) စက်ရုံပစ္စည်း ကိရိယာများကို သယ်ယူပို့ဆောင်ရေးနှင့် ဆောက်လုပ်ရေး

မြန်မာနိုင်ငံတွင် ကိုလိုနီခေတ်မှစ၍ ရေအားလျှပ်စစ်ဓာတ်အားထုတ်စက်ရုံများ တည်ဆောက်၍ အသုံးပြုခဲ့ကြသည်။ စက်ရုံများမှာ ခြောက်ခုရှိပြီး စက်ရုံငယ်အဆင့်ရှိကြသည်။ ယင်းတို့မှာ-

(၁) မိုးကုတ်မြို့နှင့် ကျောက်တွင်းများကို လျှပ်စစ်ဓာတ်အားပေးသည့် စက်ရုံ
(၂) နမ္မတူသတ္တုတွင်းသို့ လျှပ်စစ်ဓာတ်အားပေးသည့်စက်ရုံ
(၃) နမ့်ဆန် လက်ဖက်ခြောက်စက်ရုံသို့ လျှပ်စစ်ဓာတ်အားပေးသည့် စက်ရုံ
(၄) ပြင်ဦးလွင်ခေါ် မေမြို့သို့ လျှပ်စစ်ဓာတ်အားပေးသည့် ဝက်ဝံ ဓာတ်အားပေးစက်ရုံ
(၅) မော်ချီးသတ္တုတွင်းသို့ လျှပ်စစ်ဓာတ်အားပေးသည့်စက်ရုံ
(၆) ထားဝယ်မြို့ ဟိန္ဒားသတ္တုတွင်းသို့ လျှပ်စစ်ဓာတ်အားပေးသည့် စက်ရုံ

ဒုတိယကမ္ဘာစစ်ပြီးနောက် ၁၉၄၈ခုနှစ်တွင်မြန်မာနိုင်ငံသည်လွတ်လပ်ရေးရခဲ့၏။ ၁၉၅၂ ခုနှစ်တွင် ပြည်ထောင်စုအစိုးရသည် ရေအားလျှပ်စစ်စီမံကိန်းပြုလုပ်ရန် နေရာသုံးခု ရွေးချယ်ခဲ့၏။ ယင်းတို့မှာ-

(၁) ဆိုင်ဒင်ရေအားလျှပ်စစ်စီမံကိန်း
(၂) ပဲခူးချောင်းရေအားလျှပ်စစ်စီမံကိန်း
(၃) ဘီလူးချောင်းရေအားလျှပ်စစ်စီမံကိန်းတို့ ဖြစ်ပါသည်။

ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းမှလွဲ၍ ကျန်စီမံကိန်းနှစ်ခုမှာ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။

၁၉၅၂ ခုနှစ်တွင် လောပိတရေအားလျှပ်စစ် စက်ရုံ အမှတ်(၂)ကို စတင်တည်ဆောက်ခဲ့သည်။ ၁၉၆၀ပြည့်နှစ် ဧပြီ၁ရက်နေ့တွင် တရားဝင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

၁၉၆၀ပြည့်နှစ် ဧပြီ ၁ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည့် လောပိတ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ၂၀၁၀ပြည့်နှစ် ဧပြီ၁ရက်နေ့တွင် နှစ်(၅၀)ပြည့် ရွှေရတုအောင်ပွဲ ဆင်နွှဲခွင့်ရရှိတော့မည် ဖြစ်သည်။

နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် ရေအားလျှပ်စစ် ထုတ်လုပ်မှုလုပ်ငန်းသည် လွန်စွာအရေးပါသည့် အခန်းကဏ္ဍတွင် ရှိနေသည်။ လျှပ်စစ်စွမ်းအားပြည့်စုံမှု၊ လုံလောက်မှုရှိမှသာ တိုင်းနှင့်ပြည်နယ် အသီးသီးတွင် တည်ထောင်ထားသည့်စက်မှုဇုန်ကြီးများ၏လုပ်ငန်းများတိုးတက်ကြီးပွားနိုင်ပေမည်။

စက်မှုဇုန်ကြီးများရှိ လုပ်ငန်းများအပြင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ၌လည်း လျှပ်စစ်ကဏ္ဍမှာ အရေးပါလှသည်။ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ကျောင်းကြီးများရှိ ဓာတ်ခွဲခန်းများ၊ ကွန်ပျူတာခန်းမများ၌လည်း လျှပ်စစ်စွမ်းအင် လိုအပ်၏။

ဆေးရုံများ၊ ဌာနဆိုင်ရာရုံးကြီးများ၊ ဆက်သွယ်ရေးစခန်းများမှာလည်း လျှပ်စစ်စွမ်းအားပေါ်မူတည်၍လုပ်ငန်းဆောင်ရွက်နေကြရသည်။ မြစ်ရေတင်စီမံကိန်းများ၌ လျှပ်စစ်စွမ်းအင်ကို အသုံးပြုပြီး လယ်ယာမြေ ဧကပေါင်းလေးသိန်းကျော်ကို အကျိုးပြုနိုင်ခဲ့၏။

ကျေးလက် မြို့ရွာ အိမ်တိုင်းလိုလိုတွင် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်များအတွက် မရှိမဖြစ်လိုအပ်သည့်အရာမှာ လျှပ်စစ်ဓာတ်အားပင်ဖြစ်သည်။

စားဝတ်နေရေးကို အထောက်အကူပြုသည့် ရေခဲသေတ္တာ၊ ပန်ကာ၊ လေအေးစက်တို့တွင်လည်းကောင်း၊ စာရေးစာဖတ်၊ ပျော်ပွဲရွှင်ပွဲစသည်တို့၌လည်းကောင်း လျှပ်စစ်စွမ်းအင်အလင်းဓာတ် အသုံးပြုမှသာ အဆင်ပြေချောမွေ့မည် ဖြစ်ပေသည်။

တစ်နေ့တခြား လူဦးရေတိုးတက်များပြားလာသည့် ကျွန်ုပ်တို့နိုင်ငံတွင် ဖော်ပြပါစက်မှုလက်မှုလုပ်ငန်းများ၊ ရုံးများ၊ စက်မှုဇုန်များ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ မြစ်ရေတင်စီမံကိန်းများ၊ မိသားစုနေ့စဉ်အသုံးပြု လျှပ်စစ်စွမ်းအင်များကို တွက်ဆကြည့်မည်ဆိုပါက ကြောက်ခမန်းလိလိ လျှပ်စစ်မီတာကိန်းဂဏန်းများကို တွေ့မြင်ရပေမည်။

လျှပ်စစ်ဓာတ်အား စွမ်းအင်သုံးစွဲမှုမှာ ၁၀နှစ်အတွင်းမှာပင် အဆပေါင်းများစွာ မြင့်မားတိုးတက်ခဲ့၏။ ပြည်သူလူထုနှင့် နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်မရှိမဖြစ်သော လျှပ်စစ်စွမ်းအင်ကို ရေအားမှ ထုတ်ယူရရှိနိုင်ရန် နိုင်ငံတော်အစိုးရသည် အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်ခဲ့လေသည်။

၁၉၆၀ပြည့်နှစ်ကဖွင့်လှစ်ခဲ့သည့် လောပိတရေအားလျှပ်စစ်ထုတ်ယူမှုကိုလည်းတိုးတက်အောင်၊ခိုင်မြဲအောင်၊ထိန်းသိမ်းစောင့်ရှောက်ခဲ့၏။ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၊ ရွှေလီရေအားလျှပ်စစ်စီမံကိန်းစသည်ဖြင့် ရေအားလျှပ်စစ်စီမံကိန်းများစွာကို နေ့မအားညမနား တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေသည်မှာ နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုအပေါ်ထားရှိသည့် အစိုးရ၏စေတနာပြယုဂ်တစ်ခုပင်ဖြစ်သည်။

မကြာမီပြီးစီးတော့မည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကြီးသည် မြန်မာနိုင်ငံတွင် အကြီးမားဆုံးသော ရေအားလျှပ်စစ် စီမံကိန်းကြီး ဖြစ်ပါသည်။ ရဲရွာရေအားလျှပ်စစ်စီမံကိန်းမှ ထွက်ရှိမည့် လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းများနှင့်ချိတ်ဆက်၍ နိုင်ငံအတွင်း လိုအပ်သည့်နေရာများကို ပို့လွှတ်တော့မည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်နှင့် ပြည်သူများအတွက် ရှေးယခင်ကထက် အဆပေါင်းများစွာ ကြီးမားသည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို တည်ဆောက်အသုံးပြုလျက်ရှိသည်။ တည်ဆောက်ဆဲရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကြီးများ၊ တည်ဆောက်ရန် စီစဉ်လျာထားသည့် ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံကြီးများစွာတို့ ရှိနေကြပါသည်။ နောင်အနာဂတ် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် လျှပ်စစ်စွမ်းအင်များ ဖြည့်ဆည်းပေးနိုင်တော့မည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

စိုက်ပျိုးသီးနှံများ အထွက်တိုးရေးအတွက် အားထားနေရသည့် ပေါင်းလောင်းရေလှောင်တမံနှင့် ဒေသဝန်းကျင်သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးလျက်ရှိသည့် ပေါင်းလောင်း မြေအောက်ဓာတ်အားပေးစက်ရုံတို့၏ မြင်ကွင်းပဿာဒကို ဤသို့လှပဝင့်ထည်စွာ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

■ ရှေ့ဖုံးမှ

ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ ပံ့ပိုးပေးနေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များက လက်ရှိလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

တင်ပြ

ဆက်လက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနအလိုက် မိမိတို့နှင့် သက်ဆိုင်သော ကိစ္စရပ်များကို တင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၈-၁၁-၂၀၀၈ ရက်

(သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာစေဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၇း၅၀ ၅။ တေးဂီတအစီအစဉ်
- ၈း၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၁၅ ၇။ **လက်တွေ့ပြချင်လို့** ဖြိုးငွေစိုး၊ မြတ်ကေသီအောင် (ဒါရိုက်တာ-ကြည်စိုး)
- ၈း၃၀ ၈။ International News
- ၈း၄၅ ၉။ နှောင်းခေတ်တေးပဒေသာ

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄း၁၀ ၂။ အတီးပြိုင်ပွဲ
- ၄း၂၀ ၃။ တေးဂီတအစီအစဉ်
- ၄း၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၀၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၅း၁၅ ၇။ မြန်မာစာ မြန်မာစကား
- ၅း၃၀ ၈။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
- ၅း၄၀ ၉။ ရုပ်မြင်ရသတေးစုကဏ္ဍ
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ သုတစုံလင်ရွှေဥဏ်ရှင်
- ၇း၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မှန်တိုင်း** (အပိုင်း-၃၀)
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **ရောဝတီရဲ့မနက်ဖြန်** (အပိုင်း-၃) **နေအောင်၊ ကျော်ရဲအောင်၊ ရဲအောင်၊ ဝေဠုကျော်၊ နေတိုး၊ ပြေတီဦး၊ဟိန်းဝိုး၊ နန္ဒ၊ အောင်ခိုင်၊ စိုးမြတ်သူဇာ၊ မေသန္တာဦး၊ အိန္ဒြာကျော်ဇင်၊ ခိုင်သင်းကြည်၊ စိုးမိုးကြည်၊ မိုးပြည့်ပြည့်မောင်၊ ဝိုင်းစုခိုင်သိန်း (ဒါရိုက်တာ-စင်ရော်မောင်မောင်)**
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၅၀)

Air Bagan Open Golf Championships
ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့က ကြီးမှူး၍ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2008-2009)၏ ဒုတိယပွဲစဉ်အဖြစ် Air Bagan Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇နာရီခွဲတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ Pyin Oo Lwin Golf Club၌ ကျင်းပသည်။ **(အောက်ပုံ)**

စတင်ကျင်းပ

ဖွင့်ပွဲအခမ်းအနားတွင် ဂေါက်သီးရိုက် အားကစားသမားများသည် သတ်မှတ်ထားသည့် တီခုံအမှတ်(၁)၌ နေရာယူကြပြီး

ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ် ဇေယျာအောင်၊ Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ ဗိုလ်မှူးချုပ်ဇာနည်ဝင်း၊ ဗိုလ်မှူးချုပ်ဆန်းဦး၊ Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတေဇတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီး ပထမနေ့ (၁၈) ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့ (၁၈)ကျင်း ပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ ယဉ်အောင်လတ်နှင့် စိုးကျော်နိုင် (Srixon) တို့က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်စီ လျှော့ရိုက်ကြပြီး အချက် ၇၀ ဖြင့် ဦးဆောင်ကစားလျက်ရှိကြသည်။

လှမျိုး (Srixon) နှင့် ကျော်စွာလင်း (Srixon) တို့ကလည်း သတ်မှတ်ရိုက်ချက်ထက် တစ်ချက်စီ လျှော့ရိုက်၍ ၇၁ချက်ဖြင့် ဒုတိယလိုက်နေကြပြီး သိန်းဇော်မြင့် (KM) က ၇၃ချက်ဖြင့် တတိယလိုက်နေသည်။

ဦးဆောင်ကစား

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် ရန်မျိုးအေးက သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ပြီး ၇၁ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ ကျော်သက်ဝေက ၇၄ချက်ဖြင့် ဒုတိယလိုက်နေပြီး စိုးမိုးဝင်း၊ သိန်းဇော်ထွန်းနှင့် အောင်ဝင်း (သစ်တော)တို့က ၇၅ချက်စီဖြင့် တတိယလိုက်နေကြသည်။

တာဝန်ယူဆောင်ရွက်

အဆိုပါ ပြိုင်ပွဲကို မြန်မာဂေါက်သီးအကျော်အမော်များ ထွက်ပေါ်လာရေးအတွက် ရည်ရွယ်၍ Main Sponsor အဖြစ် Air Bagan Ltd. က အဓိကကူညီပံ့ပိုးပြီး Co-Sponsors များဖြစ်ကြသော Hotel Yangon, Ruby Dragon (Jade and Gems) Co.,Ltd, KBZ Bank Ltd., Alpine Purified Drinking Water, Dagon Brewery Co., Ltd, My Associates Co., Ltd,Srixon, KM Golf Center, ACCEL International Co.,Ltd. (Canon) နှင့် Lifeline (DHEA-Plus) တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြကာ ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးသည်။

ဆက်လက်ကျင်းပမည်

နိုဝင်ဘာ၂၈ရက် **(ယနေ့)** နံနက်ပိုင်းတွင် ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းဖွင့်လှစ်သည့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် နယ်လှည့်စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂၅ရက် နံနက် ၁၁နာရီက အမှတ်(၁၄) ရပ်ကွက်ရှိ အလိမ္မာဥယျာဉ်စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြအေးက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာကြည့်တိုက်ရန်ပုံငွေ ရရှိရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြီး ဓမ္မသုတ စာကြည့်တိုက်သို့ မှတ်ပုံတင် ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆိုင်ကလုန်းမုန်တိုင်း နီရှာ ကုန်းတွင်းမုန်တိုင်းအဖြစ် ဆက်လက်ရွေ့လျား

နေပြည်တော် နိုဝင်ဘာ ၂၇

ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း နီရှာသည် အိန္ဒိယသမ္မတနိုင်ငံ တမီနားဒူးလ်ကမ်းခြေကို ကာရီကယ်လ်မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ကုန်းတွင်းမုန်တိုင်းအဖြစ် အနောက်မြောက်ဘက်သို့ ဆက်လက် ရွေ့လျားသွားမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

စာဖတ်ရှုနိုင်မြှင့်တင်ရေး ဟောပြောပွဲ အထက(၂) သဃ်္ဃန်းကျွန်းတွင် ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၇

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံး(သဃ်္ဃန်းကျွန်း)နှင့် မြို့နယ်ပညာရေးမှူးရုံးတို့ ပူးပေါင်းဆောင်ရွက်သော ကျောင်းသား ကျောင်းသူများ စာဖတ်ရှုနိုင်မြှင့်တင်ရေးနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်ချက် မြင့်မားရေးအတွက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီက သဃ်္ဃန်းကျွန်းမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း သပြေညိုခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်နွဲ့က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွန့်က ‘‘မိမိဘဝကို ဘယ်လိုမြှင့်တင်ရမလဲ’’ ခေါင်းစဉ်ဖြင့် ဟောပြောသည်။**(အပေါ်ပုံ)**

တက်ရောက်

အခမ်းအနားသို့ သဃ်္ဃန်းကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်မော်နှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၃၃၁ဦးတို့ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့

၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်နေ့

(1-12-2008)

“ကာကွယ်ကုသပြုစုလို့၊ အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့၊ အားလုံးပါဝင်ဆောင်ရွက်စို့”

“ Stop AIDS. Keep the Promise.”

“ Scaling up- prevention, treatment and care ”

ကျန်းမာရေးဝန်ကြီးဌာန

မူးယစ်ကင်းစင် အလှဆင်

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

ရန်ကုန် နိုဝင်ဘာ ၂၇

နိုဝင်ဘာ၂၇ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုဖြစ်စဉ်ကို ဖော်ပြရလျှင် တနင်္သာရီတိုင်းတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့်သာယာခဲ့သည်။

ညအပူအချိန်များမှာ မွန်ပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်းနှင့် မကွေးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းကာ ကျန်ဒေသများတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့၌ -၁ ဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်မြို့တွင် ၃ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

နိုဝင်ဘာ ၂၇ရက်က ရွာသွန်းခဲ့သော မိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၀ဒသမ ၆၇လက်မဖြစ်သည်။

မိုးထစ်ချုန်းရွာနိုင်

နိုဝင်ဘာ၂၈ရက် **(ယနေ့)** တနင်္သာရီတိုင်း၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုဝင်ဘာ ၂၈ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။

လှိုင်းအသင့်အတင့်

ဘင်္ဂလားပင်လယ်အော်တွင် မြန်မာစံတော်ချိန် နံနက် ၉နာရီခွဲ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း **‘‘နီရှာ’’**သည် အိန္ဒိယနိုင်ငံ တမီနားဒူးလ်ကမ်းခြေကို ကာရီကယ်လ်မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ကုန်းတွင်းမုန်တိုင်းအဖြစ် အနောက်မြောက်ဘက်သို့ ဆက်လက် ရွေ့လျားမည်ဟု ခန့်မှန်းထားသည်။ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအသင့်အတင့် ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

ဆွာချောင်းတံတား တည်ဆောက်ရေးလုပ်ငန်း ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၂၆ရက် မွန်းလွဲပိုင်းက ရန်ကုန်-တောင်ငူ-မန္တလေးလမ်း တံတားအမှတ် (၁/၁၉၉)ရှိ ဆွာချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆွာချောင်းတံတား

အဆိုပါ ဆွာချောင်းတံတားမှာ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး အရှည်ပေ ၂၇၀ရှိ၍ ယာဉ်လေးလမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိကာ တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် စီမံခန့်ခွဲမှုဆင့်ပွားသင်တန်းကို နိုဝင်ဘာ ၂၅ရက်က တောင်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်က အဖွင့်အမှာစကား ပြောကြားစဉ်။ (၁၁၉)

ကုန်သည်/စက်မှု အသင်းချုပ်နှင့် အိန္ဒိယနိုင်ငံ နာဂလန်ပြည်နယ် ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်မင်းဝင်းနှင့် ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာ မောင်မောင်လေး၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးထွန်းအောင်နှင့် ဖိတ်ကြားထားသော ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များပါဝင်သောအဖွဲ့အား အိန္ဒိယသမ္မတနိုင်ငံ နာဂလန်ပြည်နယ် အစိုးရအဖွဲ့မှ **Mr. M.K.Mero (Officer on Special Duty-I & C)** ခေါင်းဆောင်၍ အဖွဲ့ဝင် ၁၁ဦး ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၂ရက်က အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။

ရင်းနှီးစွာဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆိုင်ရာ အခွင့်အလမ်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ သတင်းအချက်အလက်များ ရရှိရေးကိစ္စ၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့မှုရှိစေရေးအတွက် နှစ်ဖက်စီးပွားရေး လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ အရှေ့အာရှနှင့် အာဆီယံနိုင်ငံများနှင့် ပိုမိုဆက်သွယ်မှုရရှိရေးအတွက် အကူအညီများ ပေးရန်ကိစ္စ၊ ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်လာရောက်၍ စီးပွားရေး၊ ကုန်သွယ်ရေးဆိုင်ရာ အခွင့်အလမ်းများကို အကျိုးတူပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးရန်ကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ချောင်းဆုံမြို့၌ လုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

ချောင်းဆုံ နိုဝင်ဘာ ၂၇

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အတွင်း ဆောင်ရွက်ရေးလုပ်ငန်းများအား နိုဝင်ဘာ ၁၃ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ ဆောင်ရွက်သည့် လုပ်ငန်းများအား အမှုဆောင်အရာရှိ ဦးသန်းဝေနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမောင်မောင်ကြည်တို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဥပဒေကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၇

၁၉၇၄-၁၉၇၉ ခုနှစ် ဥပဒေကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၀ရက် (စနေနေ့) ညနေ ၅နာရီတွင် ရန်ကုန်မြို့ဗဟန်းမြို့နယ် M3 Food Center၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးမြဟန်ဖုန်း-၀၉-၅၁-၃၉၅၇၆၊ဒေါက်တာ ဒေါ်တင်မေထွန်း ဖုန်း-၀၉-၅၀-၂၀၅၄၃၊ ဒေါ်ဥမ္မာသျှား ဖုန်း-၀၉-၅၁-၄၄၃၅၁၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၀၉-၅၀-၀၂၉၅၀၊ ဒေါ်နွယ်နွယ်ဝင်း ဖုန်း-၀၉-၅၁-၈၇၈၅၀နှင့် ဒေါ်သင်းသင်းမြိုင် ဖုန်း-၀၉-၅၁-၅၅၉၁၇တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

STI Education မှ Certified Ethical Hacking သင်တန်းပို့ချမည်

ရန်ကုန် နိုဝင်ဘာ ၂၇

ယခုအခါ ကမ္ဘာတစ်ဝန်းရှိ စီးပွားရေးအဖွဲ့အစည်းများသည် ကွန်ပျူတာနှင့် ကွန်ရက်ဆိုင်ရာ နည်းပညာရပ်များကို မဖြစ်မနေ ပိုမိုသုံးစွဲလာကြရ၍ စီးပွားရေးအဖွဲ့အစည်းများ၏ သတင်းအချက်အလက်များသည် နည်းပညာရပ်ပေါ်တွင် အဓိကအားထားကာ လုပ်ငန်းများကို လည်ပတ်လျက်ရှိသည်။ IT အတတ်ပညာရှင်များသည်လည်း ခေတ်နှင့်အညီ နည်းပညာရပ်များကို မပြတ်ဆည်းပူး၍ ယှဉ်ပြိုင်မှုများကြားတွင် မိမိတို့အဖွဲ့အစည်း အောင်မြင်မှုအတွက် ကြိုးစားလုပ်ဆောင်လျက်ရှိသည်။

ရေပန်းစား

ထို့ကြောင့် ကွန်ပျူတာကွန်ရက်ဆိုင်ရာ လုံခြုံမှုနည်းစနစ်များနှင့် နှောင့်ယှက်လာသူများအား ပြန်လည်ခုခံကာကွယ်ခြင်း(Ethical Hacking)နည်းပညာရပ်များ ရေပန်းစားလာသည်။ Ethical Hacking ဆိုသည်မှာ မိမိစီးပွားရေးအဖွဲ့အစည်း၏ ကွန်ပျူတာစနစ်ကို ဝင်ရောက်နှောင့်ယှက်သူများ၏ဘေးမှ ကာကွယ်ရန် ကွန်ပျူတာနှင့် ကွန်ရက်နည်းပညာဖြင့် မိမိအကျိုးစီးပွား မထိခိုက်စေရန် ကာကွယ်ခြင်း ဖြစ်သည်။

အထူးသင့်တော်

ယင်းကျင့်ဝတ်ညီ IT ပညာရှင်(Ethical Hacker)များသည် မိမိ၏စီးပွားရေး အဖွဲ့အစည်း၏ သတင်းအချက်အလက်များ လုံခြုံရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ကြရသည်။ ယင်းသင်တန်းသည် IT Security Officer, Auditor,Security Professional, Site Administrator, Network Engineer, Computer Architect, Solution Provider များနှင့် အခြားစိတ်ပါဝင်စားသော IT ပညာရှင်များအတွက် အထူး သင့်တော်သည်။

အဆိုပါ သင်တန်းသို့ တက်ရောက်လိုသူများသည် IT လုပ်ငန်းခွင်တွင် လက်ရှိလုပ်ကိုင်နေသူများနှင့် အခြေခံရှိပြီးသော IT ပညာလေ့လာသူများ ပိုမိုတတ်ကျွမ်းစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။ သင်တန်းသားများသည် မိမိကွန်ရက်စနစ်၏ အားနည်းချက်များ၊ ယိုယွင်းပျက်စီးနေသည့် နေရာများကို သိရှိအောင်သင်ကြားရမည်ဖြစ်ပြီး Windows နှင့် Linux စနစ်နှစ်မျိုးလုံး ပါဝင်မည်ဖြစ်သည်။ Network Infrastructure များစစ်ဆေးပုံ၊Firewall Policy များချမှတ်ပုံ၊ ကြိုးမဲ့ကွန်ရက်နှင့် ဆက်စပ်သည့် သတိပြုရမည့်အချက်အလက်များ၊Malware များဖြစ်သည့် Virus များ၊ Worm များ၊Trojan Horses များ၊Spyware များ၊Rootkit များ ကိုင်တွယ်ဖြေရှင်းကာကွယ်ရန် အချက်များကို သင်ကြားပေးမည်ဖြစ်သည်။

ထို့အပြင် ကွန်ရက်ကိုစဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်ရန် နည်းလမ်းများ၊ လာရောက်နှောင့်ယှက်သူ ရှိ၊ မရှိ စစ်ဆေးပုံနည်းလမ်းများနှင့် အခြားလုံခြုံမှုဆိုင်ရာစနစ်များ ပြောင်းလဲရမည့် ပုံစံတို့ကို လက်တွေ့သင်ကြားရန် ဖြစ်သည်။

အသင့်ပြင်ဆင်

သင်တန်း၌အဓိက Power Point များ၊ Live Demonstration များ၊ လက်တွေ့ပြဿနာဖြေရှင်းပုံစာများ၊ နက်နဲသည့် သင်ခန်းစာများကို စာတွေ့နှင့်လက်တွေ့ နှစ်မျိုးစလုံးကို ယင်းလုပ်ငန်းခွင်တွင် နှစ်ပေါင်း ၂၀ကျော် လုပ်ကိုင်လျက်ရှိသော ဝါရင့်ပညာရှင်များက သင်ကြားပေးမည် ဖြစ်သည်။ သင်တန်းပြီးဆုံးပါက EC Council ၏ Certified Ethical Hacker စာမေးပွဲဖြေဆိုရန် အသင့်ပြင်ဆင်ပြီးဖြစ်မည် ဖြစ်သည်။

ဆက်သွယ်နိုင်

သင်ကြားရာ၌ ကျင့်ဝတ်နှင့်ညီသည့် ကာကွယ်ခြင်းကိုသာ သင်ကြားပေးမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် သင်တန်းအပ်နှံနိုင်ကြောင်း သိရှိရသည်။ သင်တန်းတက်ရောက်လိုသူများသည် အမှတ် ၃၇၇ ရွှေဘုံသာအထက်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့နှင့် အဆောင်(၄) အခန်း(၇) မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၇၀၄၈၊ ၅၀၇၁၅၁၊ ၅၀၇၁၅၂၊ ၂၅၀၀၅၆၊ ၇၀၀၂၇၃နှင့် ၅၀၇၀၄၆တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သဘာဝဘေး ကြိုတင်ကာကွယ်မှု သင်တန်းဖွင့်

မော်လမြိုင်ကျွန်း နိုဝင်ဘာ ၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနနှင့် မြို့နယ်သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် သဘာဝဘေးကြိုတင်ကာကွယ်ရေးစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၁၀/၂၀၀၈) သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ၂၄ရက် နံနက် ၈နာရီက မော်လမြိုင်ကျွန်းမြို့ မော်ရောခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းသို့သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်ကြောင်း သိရသည်။ (၁၄၂)

ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ထိန်းသိမ်းကာကွယ်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၇

ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ကျန်းမာရေးပညာပေး ဟောပြောပွဲကို နိုဝင်ဘာ၂၅ရက်နံနက် ၁၀နာရီက နေပြည်တော်ရှိ ကျန်းမာရေး ဦးစီးဌာန ရောဂါနှိမ်နင်းရေးဌာန အစည်းအဝေး ခန်းမ၌ကျင်းပရာ ဆေးတက္ကသိုလ် (၂) ရန်ကုန်ဆေးပညာဌာန ကထိက အထူးကုဆရာဝန်ကြီး ဒေါက်တာကိုကိုက ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အကြောင်းကို လည်းကောင်း၊ သဃ်န်းကျွန်းစံပြဆေးရုံကြီးမှ အထူးကုသမားတော် ဒေါက်တာ မြတ်ကောင်းက ဆီးချိုသွေးချိုအကြောင်း သိကောင်းစရာများကိုလည်းကောင်း ဟောပြောကြသည်။

ဟောပြောပွဲသို့ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြပြီး ခန်းမအတွင်း ပြသထားသော ကမ္ဘာ့ဆီးချို သွေးချိုရောဂါ ကာကွယ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပညာပေး ပြခန်းငယ်ကို လေ့လာကြည့်ရှုကြသည်။

ထို့နောက် ဆီးချိုသွေးချို ရောဂါ ကာကွယ်ထိန်းသိမ်းရေးစီမံချက်မှ ပညာပေး လက်ကမ်းစာစောင်များဝေငှပေးပြီး ဆီးချိုသွေးချိုရောဂါ ရှာဖွေဖော်ထုတ်ပေးခြင်းများကို အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံသားစိစစ်ရေးကတ်ပြား ပင်လုံမြို့တွင် ပေးအပ်

ပင်လုံ နိုဝင်ဘာ ၂၇

နိုင်ငံသားစီမံချက်အဆင့်(၃) နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ပင်လုံမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လွိုင်လင်ခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းလှိုင်က ဒေသခံတိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်သည်။**(ဓါတ်ပုံ)**

ဆက်လက်၍ ပင်လုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဌေးဝင်းက နိုင်ငံသားစိစစ်ရေးကတ်ပြားစုစုပေါင်း ၃၂၆ကတ်ကို ပေးအပ်သည်။ အခမ်းအနားသို့ ရပ်ကွက်၊ ကျေးရွာ အုပ်စုဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ဒဂုံမြို့နယ်၊ သံတမန်လမ်း၊ အမှတ် (၃၅)ရှိ အဆောက်အအုံ အပြင်နံရံနှင့် ခြံဝင်းနံရံများ ဆေးသုတ်ရန်အတွက် ချိပ်ပိတ်တင်ဒါများကို ၅-၁၂-၂၀၀၈ရက် နောက်ဆုံးထား၍ ပေးသွင်းနိုင်ပါသည်။ အဆောက်အအုံနှင့် ခြံဝင်း အကျယ်ပမာဏကို ကြည့်ရှုစစ်ဆေးရန်အတွက် Mr. Virender Sharma, Attache အိန္ဒိယသံရုံး၊ ရန်ကုန်မြို့ ဖုန်း-၂၄၃၉၇၂၊ ၃၈၈၄၁၂၊ ၃၉၁၂၁၉(ရုံး)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိန္ဒိယသံရုံး၊ ရန်ကုန်မြို့။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ
ဦးညွန့်လွင်-ဒေါ်အေးအေးခိုင်တို့၏သား
မောင်လှထွဋ် B.Sc(Chemistry)
Master of Development Studies
ဦးစီးအရာရှိ(ကျေးလက်မဲခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)
နှင့်
ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ
ဦးခင်မောင်ဝင်း-ဒေါ်နွဲ့တို့၏ သမီး
မနေဇာဝင်း B.A(Eco)
ကမ္ဘောဇဘဏ်လီမိတက်(ရုံးချုပ်)

တို့သည် ၂၇-၁၁-၂၀၀၈ ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးမိတ်သင်္ဂဟများရှေ့မှောက်တွင် ထိမ်းမြားမင်္ဂလာဆောင်နှင်းပြီး ဖြစ်ပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်လှထွဋ်-မနေဇာဝင်း။

လှိုက်လှဲစွာကျေးဇူးတင် ဂုဏ်ပြု မှတ်တမ်းတင်လွှာ

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူ ဖောင်ဒေးရှင်း(ဗဟို)မှ နိုဝင်ဘာ ၂၂ရက် Strand Hotel ၌ ကျင်းပသည့် ၂၀၀၈ခုနှစ် ဒီပါဝလီပွဲတော် အထိမ်းအမှတ် ဆီမီးထွန်းညှိခြင်းနှင့် ညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးသိန်းနိုင်၊ သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အထူးဧည့်သည် တော်များနှင့် မန္တလေးမြို့၊ မော်လမြိုင်မြို့၊ ပဲခူးမြို့၊ သထုံမြို့တို့ရှိ တမီလ်ဟိန္ဒူဖောင်ဒေးရှင်းအဖွဲ့ခွဲများမှ အမှုဆောင်များနှင့် ဘာသာပေါင်းစုံမှ စုံညီစွာ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများအား မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)မှ လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်နှင့် ဂုဏ်ထူးဆောင်နာယကများ၊
အကြံပေးပုဂ္ဂိုလ်များ၊ အမှုဆောင်များ
မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)ရန်ကုန်မြို့၊
မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘုရားကျောင်းများ ဝတ္တကမြေနှင့်
သာသနာပိုင်ပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ။



ကျေးဇူးဆပ်ပါမည်

ကျွန်တော် မင်းစိုးအောင်၏ နိုင်ငံကူး လက်မှတ်အမှတ်-ဖ၀၈၀ဖ၀ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၀၁-၂၂၉၆၆၅။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ဇော်ဟိန်း၏ CDC-54267 ၏ EDH လက်မှတ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပေးပို့ပါရန်။

ဖုန်း-၆၄၅၂၁၂။

ဖခင်အမည်မှန်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ် အမက-၃၆၊ ပထမတန်းမှ မောင်ကောင်းထက်လင်း၏ ဖခင်အမည်မှန်မှာ ဦးသက်ထွန်းလင်း ၅/မရန(နိုင်)၀၂၅၃၉၇ ဖြစ်ပါသည်။

ဦးသက်ထွန်းလင်း။

မီး
အစဉ်
သတိပြု



အင်းစိန်တိမ္မေးကုတက္ကသိုလ်
အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန် အင်းစိန် တိမ္မေးကုတက္ကသိုလ် ၁၉၇၁-၁၉၇၇ စာသင်နှစ်အတွင်း တွေ့ဆုံရင်းနှီးခဲ့ကြပြီး အတူတကွ ပညာဆည်းပူးခဲ့ကြသော သူငယ်ချင်း ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၄ရက် (လွတ်လပ်ရေးနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်း မြန်မာ့စက်မှုဆိပ်ကမ်းရှေ့ Western Park Ruby Restaurant တွင် ကျင်းပမည်ဖြစ်ရာ သူငယ်ချင်းအားလုံး တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဒုတိယဗိုလ်မှူးကြီး မြင့်သန်း(ငြိမ်း) ဖုန်း-၀၉-၅၀-၂၁၃၃၁၊ ၆၃၈၂၃၄၊ မျိုးတင့်-မနုနုဝင်း ဖုန်း-၀၉-၅၁-၁၁၈၂၉၊ ၂၂၆၉၄၂၊ မောင်မောင်ကြီး ဖုန်း-၃၇၂၇၂၆၊ မလှလှသိန်း ဖုန်း-၀၉-၅၁-၄၇၀၅၈၊ ၆၄၂၈၁၇၊ နန်းခင်မေဖူး ဖုန်း-၀၉-၅၀-၀၃၁၈၃၊ ၅၇၈၂၁၉၊ မခင်ကျော့ယဉ် ဖုန်း-၀၉-၅၁-၅၈၄၆၈၊ ၀၂-၆၆၀၃၇၊ မန်းတင်ဝင်း ဖုန်း-၀၉-၂၀-၃၆၇၅၆၊ ၀၂-၂၃၈၀၆ တို့သို့ ဆက်သွယ်လှူဒါန်း ပေးပို့ကြပါရန် နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

ဝန်ထမ်းအမြန်အလိုရှိသည်
(ပြည်တွင်း၌သာ ခန့်ထားရန်)

ကရဝိက်နန်းတော်တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

၁။	ယဉ်ကျေးမှုအက ကျွမ်းကျင်သူ	ကျား	၂ ဦး
၂။	ယဉ်ကျေးမှုအက ကျွမ်းကျင်သူ	မ	၄ ဦး
၃။	တိုင်းရင်းသား တူရိယာတစ်မျိုးမျိုး ကျွမ်းကျင်စွာတီးခတ်နိုင်သူ	ကျား/မ	၃ ဦး
၄။	Buffet Incharge	ကျား/မ	၁ ဦး

(၃။) အသက် (၂၅) နှစ်အောက် ရုပ်ရည်ချောမောပြေပြစ်ရမည်။

(၄။) အသက် (၃၅)နှစ်အောက် အတွေ့အကြုံရှိသူ ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် ဓာတ်ပုံ တစ်ပုံ၊ ကိုယ်ရေးရာဇဝင် အပြည့်အစုံ၊ သက်ဆိုင်ရာထောက်ခံချက်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မှတ်ပုံတင်မိတ္တူနှင့်အတူ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

ဆက်သွယ်ရန်လိပ်စာ-ကရဝိက်နန်းတော်
ဝန်ထမ်းရေးရာဌာန၊ ဖုန်း-၂၉၀၅၄၆၊ ၂၉၀၅၄၇။

အမည်ပြောင်း

အဖဦးကျော်စိုးမိုး၏ သားအထက (၁)ထားဝယ် ပထမတန်းမှ မောင်လင်းထက်စိုးအား မောင်ခင်ဇော်လင်းဟုပြောင်းလဲခေါ်ပါရန်။

မောင်ခင်ဇော်လင်း။

အမည်ပြောင်း

ပဲခူးတိုင်း ပြည်ခရိုင် သဲကုန်းမြို့နယ် ပုတီးကုန်းမြို့ ဗိုလ်ရုံရပ်ကွက်နေ အဖဦးပေါ်ဦး၏သား မောင်ကျော်ခိုင်ဦး ၇/သကန(နိုင်)၁၂၅၄၃၈ အား မောင်ထင်လင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ထင်လင်း။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ အေးသာယာရပ်၊ ကမ်းနားလမ်း၊ အမှတ် ၅၄နေ ဦးသန်းဆင့်-ဒေါ်မြင့်မြင့်သန်းတို့၏သမီး မဂျူးဂျူးဆင့်အောင် ၅/မရန(နိုင်)၁၄၃၂၇၀သည် မိဘတို့၏ဆို ဆုံးမစကားကို နာခံခြင်းမရှိဘဲ မိဘနှစ်ပါးအပေါ် ကိုယ်စိတ်ဆင်းရဲစေသော အပြုအမူများ လုပ်ဆောင်နေပါသောကြောင့် ၄င်းအား ၂၆-၁၁-၂၀၀၈ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်း၏ ဆောင်ရွက်မှုမှန်သမျှသည် ဦးသန်းဆင့်-ဒေါ်မြင့်မြင့်သန်း မိသားစုနှင့် သက်ဆိုင်ပတ်သက်မှု (လုံး၀) မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်)

ဦးသန်းဆင့် (MYA-၁၄၃၁၀၈)
ဒေါ်မြင့်မြင့်သန်း (MYA-၁၄၃၀၀၃)။

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုကို အောက်တိုဘာ ၂၂ ရက်က တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသိန်းထူး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အရန်သားဖွား မွမ်းမံသင်တန်းဖွင့်

ဟသ်ာတ နိုဝင်ဘာ ၂၄

ဟသ်ာတခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်စီစဉ်မှု၊ ခရိုင်ကျန်းမာရေးဦးစီးဌာန၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ဖြင့် ဟသ်ာတခရိုင် ခြောက်မြို့နယ်ရှိ အရန်သားဖွားဆရာမများ မွမ်းမံသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၄ရက် နံနက် ၈နာရီက ဟသ်ာတမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးအေးကိုကိုက အမှာစကားပြောကြားပြီး ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ညွန့်ညွန့်နှင့် ခရိုင်ဆရာဝန်ကြီး ဒေါက်တာသိန်းမြင့်တို့က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။ (၁၇၇)

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး စဥ့်ကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မြို့ရေပေးရေး ရေစက်ရုံကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးတင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းလှအောင်တို့က ရှင်းလင်းပြသစဉ်။ (မြို့နယ် ပြန်/ဆက်)

သာယာဝတီမြို့နယ်၌ မိုးစပါးစံကွက် ရိတ်သိမ်း

သာယာဝတီ နိုဝင်ဘာ ၂၇

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် သာယာဝတီမြို့နယ် ချောင်းသုံးခွကျေးရွာအုပ်စု ကွင်းအမှတ် ၁၁၉၉ ဦးပိုင်အမှတ် ၇၆ တောင်သူဒေါ်အေးအေးစန်း၏ ရေမင်းစပါးမျိုး ၅ဒသမ ၁၀ဧကတွင် သာယာဝတီခရိုင် မြေစာရင်းဦးစီးမှူး ဦးစောဝင်း ခေါင်းဆောင်၍ သာယာဝတီမြို့နယ် မြေစာရင်းဦးစီးမှူး ဦးတင်ဝင်း၊ မြေစာရင်းနှင့်စိုက်ပျိုးရေးမှ ကွင်းဝန်ထမ်းများနှင့် တောင်သူများပါဝင်သော အဖွဲ့ဖြင့် နိုဝင်ဘာ ၁၅ရက်က စံကွက်ရိတ်သိမ်းခဲ့ကြောင်း သိရသည်။ (အောက်ပုံ) (ခရိုင် ပြန်/ဆက်)

အမျိုးသားနေ့အခမ်းအနား ကသာ၌ကျင်းပ

ကသာ နိုဝင်ဘာ ၂၅

(၈၈)နှစ်မြောက်အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၂၂ရက် နံနက် ၉နာရီက စစ်ကိုင်းတိုင်း ကသာခရိုင် ကသာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသားကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် အခမ်းအနားကို စတင် ဖွင့်လှစ်ကာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော(၈၈)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို ခရိုင်ဥက္ကဋ္ဌ ဦးလှဝေက ဖတ်ကြားသည်။

ထို့နောက် အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား ခရိုင်ဥက္ကဋ္ဌ ဦးလှဝေ၊ ဒုတိယရဲမှူးကြီး ကျော်မိုးကြည်နှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

အမျိုးသားနေ့ စာစီစာကုံးပြိုင်ပွဲ ဆုရသူများ ဆုချီးမြှင့်

မြင်းမူ နိုဝင်ဘာ ၂၇

(၈၈)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နိုဝင်ဘာ ၂၂ရက်က မြင်းမူ အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော (၈၈)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သောင်းက ဖတ်ကြားသည်။

ယင်းနောက် (၈၈)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ (၀၃၅)

ခြင်ဆေးဖျန်း

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျန်းမာရေးမှူး(၂) ဦးဉာဏ်လင်းမောင်နှင့်ဝန်ထမ်းများသွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအဖြစ် မြို့ပေါ်ကျောင်းများတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သနပ်ပင်မြို့၌ သောက်သုံးရေ ရရှိရေးဆောင်ရွက်

သနပ်ပင် နိုဝင်ဘာ ၂၅

ပဲခူးတိုင်း သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် နိုဝင်ဘာ ၁၂ရက်က ဖရဲကျေးရွာ သောက်ရေကန် အဆင့်မြင့်ဝင်းခြံကာခြင်းနှင့် နှစ်လက်မလက်နှိပ်တုံကင်နှစ်လုံး တပ်ဆင်ပေးခြင်းတို့ကို တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ကျေးလက်လမ်းခင်းရန် ကျောက်များစုဆောင်း

ကျောက်တံခါး နိုဝင်ဘာ ၁၄

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်းပြုပြင်ရေး ရန်ပုံငွေဖြင့် တောကျွဲအင်းမြို့ ဘူတာလမ်း ကျောက်ကတ္တရာခင်းရန် ကျောက်များစုဆောင်းထားမှုကို အောက်တိုဘာ ၇ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ရွှေတောင်ဦးဘုရားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းအတွက် ကျောက်စုဆောင်းထားရှိမှုကို ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးလှမိုးထွန်း ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြန်အောင် အထက အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၇

မြန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၀ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် မြန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ၁၉၅၃ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး အသက် ၆၀နှင့်အထက် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်း

ရန်ကုန်မြို့တွင် နေထိုင်ကြသော ဆရာကြီး ဆရာမကြီးများနှင့် ပူဇော်ပွဲသို့ တက်ရောက် လှူဒါန်းလိုကြသော ကျောင်းသား ကျောင်းသူဟောင်းများအား မြန်အောင်မြို့သို့ အသွားအပြန် ခရီးစဉ်အတွက် စရိတ်ငြိမ်း ပို့ဆောင်ပေးမည်ဖြစ်သည်။ လိုက်ပါလိုကြသူများသည် ဦးအေးသန်း ဖုန်း-၀၉-၅၀-၂၆၂၂၇၊ ၀၁-၅၂၅၄၃၈ (ရုံးချိန်အတွင်း) နှင့် ဦးဝင်းထိန် ဖုန်း-၀၉-၅၀-၁၄၃၅၀တို့သို့ ဒီဇင်ဘာ ၁၁ရက် နောက်ဆုံးထား ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ (မြန်မာ့အလင်း)

လေဘေးကြောင့် ပျက်စီးသွားသော ဘိုကလေးမြို့မ (၄)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ပြန်လည်အသစ် တည်ဆောက်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၁ရက်က အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် မြို့မ(၄)ရပ်ကွက် ဥက္ကဋ္ဌ ဦးအေးသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ကလေးဝမြို့၌ စာဆိုတော်နေ့ အကြိုဟောပြော

ကလေးဝ နိုဝင်ဘာ ၂၀

စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးဝမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာဆိုတော်နေ့ အကြိုဟောပြောပွဲနှင့် စာအုပ်ပြပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၄ရက်က ကလေးဝမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲနှင့် စာအုပ်ပြပွဲ အခမ်းအနားတွင် စာအုပ်အရေအတွက် ၅၀၀ကို ပြသထားပြီး အလင်းသစ် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြခန်းတို့ကို ပြသကြသည်။

ထို့နောက် မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်ကြည်ကြည်မာက အဖွင့်အမှာစကား ပြောကြားပြီး စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ဦးထွန်းလှိုင်က ယဉ်ကျေးမှုနှင့်အနုပညာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးညီညီဇော်က စာကြည့်တိုက်အကြောင်း သိကောင်းစရာ ခေါင်းစဉ်များဖြင့်လည်းကောင်း ဟောပြောသည်။ (ခရိုင် ပြန်/ဆက်)

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော ကညွတ်ကွင်း-မိဿလင်လမ်းပေါ်ရှိ ငါးမြစ်ချင်းရွာအနီး မိုင်တိုင်အမှတ် ၉မိုင် ၁ဖာလုံတွင် လမ်းကြိတ်စက်ဖြင့် လမ်းကြိတ်ခြင်းဆောင်ရွက်မှု အခြေအနေကို အောက်တိုဘာ ၂၃ ရက်က အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဇော်စန်းတို့ ကွင်းဆင်း ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အမျိုးသားနေ့ အခမ်းအနား ပခုက္ကူ၌ကျင်းပ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုရသူများ ဆုချီးမြှင့်

ပခုက္ကူ နိုဝင်ဘာ ၂၅

(၈၈)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နိုဝင်ဘာ ၂၂ရက် နံနက် ၉နာရီက ပခုက္ကူမြို့ အထက(၂)ကျောင်း ပိတောက်ဆောင်၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားကို ပြည်မြန်မာသီချင်းဖြင့် ကျောင်းသားကျောင်းသူလေးများက သီဆိုဖွင့်လှစ်ကာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မျိုးလတ်က ဖတ်ကြားပြီး အမျိုးသားနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုရရှိသူများအား မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ (၀၇၀)

ပေါင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ရေပေးရေးလုပ်ငန်းများကို နိုဝင်ဘာ ၁၄ရက်က မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်း ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမြနှင့် အမှုဆောင်အရာရှိ ဦးကျော်လှတို့က ရှင်းလင်းတင်ပြစဉ်။ (၁၇၆)

နေပြည်တော်ပျဉ်းမနား အာဟာရသုခဈေးတွင် မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်

နေပြည်တော်ပျဉ်းမနား နိုဝင်ဘာ ၂၀

ပွင့်လင်းရာသီရောက်တော့မည်ဖြစ်သဖြင့် နေပြည်တော်ပျဉ်းမနား အာဟာရသုခဈေးမီးဘေးကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးအတွက် အာဟာရသုခဈေး စည်ပင်သာယာရေးအဖွဲ့နှင့် နေပြည်တော်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးသတ်လုံခြုံရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှု၊ မီးငြိမ်းသတ်ပုံနည်းစနစ် သရုပ်ပြမှုတို့ကို အောက်တိုဘာ ၂၂ရက် မွန်းတည့် ၁၂နာရီက အာဟာရသုခဈေးအဝင်ဝရှိ ဈေးတာဝန်ခံရုံးရှေ့ကွက်လပ်၌ လေ့ကျင့်ဆောင်ရွက်သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ရဲသူရိန်ခင်မောင်ရီနှင့်အဖွဲ့သည် အာဟာရသုခဈေးကြီးအတွင်းအပြင်၌ အမှိုက်သရိုက်များ စနစ်တကျရှင်းလင်းထားရှိမှု၊ ဈေးသိုလှောင်စင်တွင်ရေထားရှိမှု၊ မီးတားလမ်းများထားရှိမှု၊ ဈေးအတွင်းစားသောက်ဆိုင်ခန်းများ၌ လျှပ်စစ်သွယ်တန်းထားရှိမှုနှင့် အသုံးပြုမှု၊ ဈေးအတွင်းအပြင်၌ မီးလောင်လွယ်သောပစ္စည်းများ ရှိမရှိကို လိုက်လံကြည့်ရှု စစ်ဆေးကြသည်။ ယင်းနောက် နေပြည်တော်မီးသတ်တပ်ဖွဲ့လက်ထောက်ညွှန်ကြားရေးမှူး ရဲသူရဇော်ဒါက မီးဘေးကြိုတင်ကာကွယ်ရေးအကြောင်း သိကောင်းစရာများ ပညာပေးဟောပြောကာ မြို့နယ်မီးသတ်ဦးစီးဌာနမှူးရဲသူရိန်ခင်မောင်ရီက မီးငြိမ်းသတ်ပုံနည်းစနစ်များကို သရုပ်ပြရှင်းလင်းသည်။ (အောက်ပုံ) (၀၈၄)

အောင်လံမြို့ စမ်းချောင်းရပ်ကွက် ရေပေးဝေရေးလုပ်ငန်းအတွက် (၁၂ပေ×၁၂ပေ×၁၄ပေ) ပွန်တွန်းတည်ဆောက်ပြီးစီးမှု လုပ်ငန်းကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် လက်ထောက်အင်ဂျင်နီယာ(စက်မှု) ဦးထွန်းသူအောင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပေါက်ခေါင်း အထက အာစရိယပူဇော်ပွဲ

ပေါက်ခေါင်း နိုဝင်ဘာ ၂၇

ပဲခူးတိုင်း ပေါက်ခေါင်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် နှစ်နှစ်အမှုထမ်းခဲ့သော အသက် ၆၀နှင့် အထက် ဆရာကြီး ဆရာမကြီးများအား တပည့်ဟောင်းများက (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အထက ရွှေရတုခန်းမ၌ ကျင်းပရန်စီစဉ်ထားသည်။

ရပ်ဝေးရပ်နီးမှ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးချစ်ဦးမောင်(ရန်ကုန်)ဖုန်း-၀၁-၅၁၅၃၀၃(၂၀၄)၊ ဦးမျိုးညွန့်(ရန်ကုန်)ဖုန်း-၀၉-၅၀-၆၈၆၄၉၊ ဒေါ်သောင်းသောင်းဝင်း(မန္တလေး)ဖုန်း-၀၂-၆၀၈၉၁၊ ဦးခင်ဇော်(ပြည်မြို့) ဖုန်း-၀၅၃-၂၂၂၁၄၊ ဦးဇော်ဇေယျ(ပြည်မြို့) ဖုန်း-၀၉-၅၃-၁၁၃၅၅၊ ဦးသောင်းတင်(ပေါက်ခေါင်း)ဖုန်း-၀၅၃-၂၅၇၆၈နှင့် ဦးအုန်းလွင်(ပေါက်ခေါင်း) ဖုန်း-၀၅၃-၂၄၇၆၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ပညာရေး)

သာယာဝတီမြို့နယ်၌ တံတားတည်ဆောက်

သာယာဝတီ နိုဝင်ဘာ ၂၄

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးဝင်းဇော်ဦး တာဝန်ယူဆောင်ရွက်သော လိပ်ဥကုန်း-ကျောက်တွင်း လမ်းပေါ်ရှိ အုန်းပင်စုသစ်သားတံတားဆောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မိုးကောင်းမြို့ ငွေရတနာဈေး သမဝါယမအသင်း ဘဏ္ဍာရေးနှင့် အရပ်ရပ်ဆိုင်ရာစည်းဝေး

မိုးကောင်း နိုဝင်ဘာ ၂၃

ကချင်ပြည်နယ် မိုးကောင်းမြို့ ငွေရတနာဈေး သမဝါယမအသင်းလီမိတက်၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အောက်တိုဘာ ၂၅ရက် မွန်းတည့် ၁၂နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မဏ္ဍပ်သဘင်ခန်းမ၌ ကျင်းပရာ သဘာပတိ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်မင်းနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးလှမြင့်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာကို အုပ်ချုပ်မှုဒါရိုက်တာ ဦးမင်းနိုင်ကလည်းကောင်း၊ အသင်းသားစာရင်းစစ်အဖွဲ့၏ အစီရင်ခံစာကို အသင်းသားစာရင်းစစ်အဖွဲ့ဝင် ဦးကျော်မင်းက လည်းကောင်း၊ နှစ်ချုပ်ဘဏ္ဍာရေး ရှင်းတမ်းကို မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးမှူး ဦးမောင်ကျော်သိန်းက လည်းကောင်း ဖတ်ကြားတင်သွင်းကြပြီး အသင်းသားများ၏ သားသမီးများထဲမှ ၂၀၀၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်သည့် ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး အပါအဝင် ကျောင်းသား ကျောင်းသူ ၄၅ဦးတို့အား ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်မင်းက ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ (၀၀၁)

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် ကျေးလက်လမ်းလုပ်ငန်းဖြစ်သော ကော့ရွာ-မင်းဘေး ကျေးရွာချင်းဆက် ကျောက်ချောလမ်း ဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးနီထွန်းနှင့်တာဝန်ခံအင်ဂျင်နီယာ လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြင့်သန်းတို့ ကွင်းဆင်းကြပ်မတ်စဉ်။ (မြို့နယ်စည်ပင်)

ဖျာပုံ၌ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဆောင်ရွက်မည့်လုပ်ငန်းများ ရှင်းလင်းဆွေးနွေး

ဖျာပုံ နိုဝင်ဘာ ၂၃

ဧရာဝတီတိုင်းပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးငွေထွန်းသည် နိုဝင်ဘာ ၁၃ရက်က ဖျာပုံခရိုင်သို့ရောက်ရှိပြီး ဖျာပုံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်ဦးစီးအရာရှိ၊ ငါးမြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးမှာကြားသည်။

ဆွေးနွေးမှာကြား

ရှေးဦးစွာ တိုင်းလက်ထောက်ညွှန်ကြားရေးမှူးဦးငွေထွန်းက ၂၀၀၈-၂၀၀၉ သတ်မှတ်ကာလအတွင်း လျာထားချက်နှင့်အညီ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ခရိုင်အလိုက် စာအုပ်လှူဒါန်းပွဲများ ပြုလုပ်နိုင်ရေးအတွက် စာအုပ် အလှူရှင်များရရှိအောင် စည်းရုံးဆောင်ရွက်ရေး၊ ဝန်ထမ်းများ ပေးအပ်သည့်တာဝန်ကိုကျေပွန်စွာဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းများ ကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ခရိုင်ဦးစီးအရာရှိ ဒေါ်ယဉ်ဆွေဝင်းက ခရိုင်အတွင်း ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်များ ပြန်လည် ဖြည့်ဆည်းလှူဒါန်းပေးနိုင်ခဲ့သည့် အခြေအနေများကို လည်းကောင်း၊ မြို့နယ်ဦးစီးမှူးများက မိမိတို့ မြို့နယ်အတွင်း စာကြည့်တိုက်များ ရှင်သန်ခိုင်မာအောင် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းလက်ထောက်ညွှန်ကြားရေးမှူးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

အမှတ် ၅၅(ခ) ၃လမ်း အင်းစိန်မြို့သစ်နေ ဦးတင်လှ-ဒေါ်ခင်စန်းလှမိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာတွင် ဆေး၊ အာဟာရနှင့် အဆောက်အအုံအတွက် ငွေကျပ်သုံးသိန်းလှူဒါန်းရာ အလှူရှင်ကိုယ်စား ဦးမြင့်မောင်က ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးထွန်းကြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (၁၀၅)

မှုခင်းသတင်း
အိမ်နီးချင်းနှစ်ဦးစကားများရန်ဖြစ်ရာမှ လူသတ်မှု ပြင်ဦးလွင်မြို့နယ်၌ဖြစ်ပွား

ပြင်ဦးလွင် နိုဝင်ဘာ ၂၅

အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး စကားများ ရန်ဖြစ်ကြရာမှ လူသတ်မှု ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၂) နယ်မြေတွင် နိုဝင်ဘာ ၁၂ရက် နံနက်က ဖြစ်ပွားသည်။

ပွဲချင်းပြီးသေဆုံး

ဖြစ်ပွားပုံမှာ ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၂) အမှတ်၄၈ သုတလမ်းနေ ဒေါ်ခင်အေး(၃၄နှစ်) အဖ ဦးဘသန်းနှင့် ခြံချင်းကပ်နေထိုင်သူမောင်ငယ်(၄၅နှစ်) အဖ ဦးကွမ်း ဆိုသူတို့ တစ်ဦးနှင့်တစ်ဦး စကားများ ရန်ဖြစ်ခဲ့ကြသည်။ ရန်ဖြစ်ပြီးမကြာမီ ဒေါ်ခင်အေးသည် ၄င်းအိမ်နှင့်ကပ်လျက်ရှိသော ဦးအောင်လွင်၏ ခြံပိုင်းအတွင်း ရေတွင်းဘေး၌ အဝတ်များလျှော်ဖွပ်နေစဉ် မောင်ငယ်က ၄င်း၏ နောက်မှ ရောက်ရှိလာပြီး ဒေါ်ခင်အေး၏ ဦးခေါင်းကို ငှက်ကြီးတောင်ဓားနှင့် ခုတ်ပိုင်းလိုက်ရာ လည်ပင်းပြတ်လုဖြစ်ကာ ပွဲချင်းပြီး သေဆုံးသွားသည်။

အရေးယူ

အဆိုပါအမှုနှင့်ပတ်သက်၍ ပြင်ဦးလွင် ရဲတပ်ဖွဲ့စခန်းမှ တရားခံမောင်ငယ်အား ဥပဒေကြောင်းအရ အရေးယူမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၀၈၈)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်တိုင်းတရားရုံး

၂၀၀၆ ခုနှစ် တရားမကြီးမှုအမှတ်-၁၁၂၁

ဒေါ်ချိုချိုလွင်	နှင့်	၁။ ဒေါ်နှင်းနှင်းရီ	၁၁။ ဒေါ်ခင်သက်မူ	၂၁။ ဒေါ်ချို
(၄င်း၏အထွေထွေ		၂။ ဒေါ်တင်စိုး	၁၂။ ဦးကျော်ဆန်းလင်း	၂၂။ ဒေါ်စန်းစန်းအေး
ကိုယ်စားလှယ်		၃။ ဒေါ်စိုးရီ	၁၃။ ဒေါ်မိုးမိုးအောင်	၂၃။ ဒေါ်ခင်ဌေးဝင်း
စာရသူ ဒေါ်ဖြိုးဖြိုး)		၄။ ဒေါ်အောင်ငွေ	၁၄။ ဦးကျော်လှိုင်ဝင်း	၂၄။ ဒေါ်မချို
		၅။ ဒေါ်ခင်မေဦး	၁၅။ ဦးစောဝင်းနိုင်	၂၅။ ဒေါ်ညွန့်ညွန့်စိန်
		၆။ ဒေါ်ကြည်ကြည်ဝေ	၁၆။ ဦးလှိုင်မင်းထွေး	၂၆။ ဦးသိန်းထွန်း
		၇။ ဦးတင်ကိုလတ်	၁၇။ ဦးမောင်ကြီး	၂၇။ ဦးအောင်မျိုးထွန်း
		၈။ ဒေါ်နုနုဆွေ	၁၈။ ဒေါ်မဲတူ	၂၈။ ဦးကျော်သူထက်
		၉။ ဦးဌေးကြိုင်	၁၉။ ဒေါ်မတ်ဖြူ	၂၉။ ဦးဇော်မင်းထွန်း
		၁၀။ ဦးမြင့်ခိုင်	၂၀။ ဒေါ်စိန်လှ	
တရားလို			**တရားပြိုင်များ**	

အထက်အမည်ပါ(၉) တရားပြိုင် ဦးဌေးကြိုင်၊ (၁၀)တရားပြိုင် ဦးမြင့်ခိုင်၊ (၁၁)တရားပြိုင် ဒေါ်ခင်သက်မူ၊ (၁၂)တရားပြိုင် ဦးကျော်ဆန်းလင်း၊ (၁၃)တရားပြိုင် ဒေါ်မိုးမိုးအောင်၊ (၁၄)တရားပြိုင် ဦးကျော်လှိုင်ဝင်း၊ (၁၅)တရားပြိုင် ဦးစောဝင်းနိုင်၊ (၁၆)တရားပြိုင် ဦးလှိုင်မင်းထွေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁၀ရက် (၁၃၇၀ပြည့်နှစ် နတ်တော်လဆန်း ၁၃ရက်) နံနက် ၉း၃၀နာရီ အထက်အမည်ပါတရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် နိုဝင်ဘာ ၂၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်သင်းဝေ

တွဲဖက်တိုင်းတရားသူကြီး(၅)၊ ရန်ကုန်တိုင်းတရားရုံး။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလမှ ၂၀၀၉ ခုနှစ် မတ်လအထိ လေးလအတွက် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်းလက်အောက်ရှိ စက်ရုံ ၁၀ရုံအတွက် လစဉ်ရရှိသော မီးထိုးဆီ ဂါလန် ၁၅၄၇၂၀ကို ချောက်မြို့မှ သက်ဆိုင်ရာစက်ရုံများအရောက် ဆီသယ်ဘောက်ဆာများဖြင့် သယ်ယူပို့ဆောင်ပေးရန်အတွက် တစ်ဂါလန်တစ်မိုင် သယ်ခနှုန်းထားကို ချိပ်ပိတ်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ ချိပ်ပိတ်တင်ဒါပေးသွင်းမှုကို အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာန နေပြည်တော်သို့ ၅-၁၂-၂၀၀၈ရက် ၁၆း၀၀ နာရီ နောက်ဆုံးပေးသွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်များကို၂၈-၁၁-၂၀၀၈ ရက်မှစတင်၍ အောက်ဖော်ပြပါအတိုင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန

မြန်မာ့စားသောက်ကုန်လုပ်ငန်း (စီမံကိန်းဌာန)

ရုံးအမှတ်(၃၇)၊ နေပြည်တော်၊

ဖုန်း-၀၆၇-၄၀၈၁၄၀၊ ဖက်(စ်)-၀၆၇-၄၀၈၁၄၀။

ချိပ်ပိတ်တင်ဒါဈေးနှုန်းလွှာများ တင်သွင်းရန်ဖိတ်ခေါ်ခြင်း

၂၀၀၈ ခုနှစ် ရန်ကုန်အဝေးသင်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်းထုတ်ဝေရေးအတွက် ပုံနှိပ်ထုတ်ဝေရန် စာချုပ်ချုပ်ဆိုလိုသောကြောင့် ချိပ်ပိတ်တင်ဒါဈေးနှုန်းလွှာများ တင်သွင်းရန်ဖိတ်ခေါ်ပါသည်။ ဈေးနှုန်းလွှာများကို ၅-၁၂-၂၀၀၈ရက် (သောကြာနေ့) မွန်းတည့် ၁၂း၀၀ နာရီ နောက်ဆုံးထား၍ ရန်ကုန်အဝေးသင်တက္ကသိုလ် ဥက္ကဋ္ဌရုံးခန်းရှိ တင်ဒါပုံးသို့ တင်သွင်းရပါမည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၅၁၂၈၆၄ နှင့် ၅၃၇၄၁၁ လိုင်းခွဲ ၃၉ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

ဥက္ကဋ္ဌ

မဂ္ဂဇင်းကော်မတီ

ရန်ကုန်အဝေးသင်တက္ကသိုလ်။

ပူဇော်ပွဲကျေးဇူးတင်လွှာ

နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကဝိသာရမထေရ်မြတ်အား ဂုဏဝိသိဋ္ဌ ပူဇော်ပွဲကို ၁၃၇၀ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်တွင် တပည့် ရဟန်းသံဃာများ၊ ဒါယကာ၊ ဒါယိကာမများက သောင်းသောင်းဖြဖြ ကျင်းပပူဇော်ပြီး ဖြစ်ပါသည်။

ပူဇော်ပွဲသို့ ကြွရောက်လာကြသော ဘိုကလေးမြို့ ကံကော်တစ်ထောင်ဆရာတော်၊ ပခုက္ကူ မဟာဝိသုတာရာမ စာသင်တိုက်ကြီး၏ နာယကဆရာတော်ကြီး အမှူးပြုသော ရဟန်းသံဃာများ၊ ဝန်ထမ်းရွေးချယ်ရေးအဖွဲ့ဝင် ဦးလှမြင့်ဦး၊ သာသနာရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာ ဧည့်သည်တော်များ၊ မြနန်းနွယ် ဒေဝါဝင်း-ရာဇာဝင်းအဖွဲ့(မကွေး)နှင့် ဝိုင်းဝန်းဆောင်ရွက်ကြသော ရဟန်းသံဃာများ၊ တပည့် ဒါယကာ ဒါယိကာမများ၊ ဝတ်အဖွဲ့များ၊ ဓမ္မစကြာအဖွဲ့များနှင့် စာစောင်အလှူရှင် ဦးကျော်ဝင်း၊ ဒေါ်ရီလေးဝေတို့အား ကျေးဇူးတင်မှတ်တမ်းပြုအပ်ပါသည်။

ပူဇော်ပွဲကျင်းပရေးကော်မတီ။

မွေးသက္ကရာဇ်အမှန်

အဖ ဦးအိုက်လှ၏ သမီး နမ့်ခမ်းမြို့၊ အထက သတ္တမတန်း(D)မှ မနန်းယိမ်းမိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၆-၁၉၉၆ ရက်ဖြစ်ပါသည်။

ဦးအိုက်လှ။



ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် ချိပ်ပိတ်တင်ဒါ(Sealed Tender)ခေါ်ယူပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	လေအေးပေးစက်(၁.၅HP Split Type)	(၁၄) လုံး
(ခ)	Personal Computer(PIV)	(၆) စုံ
(ဂ)	Laptop Computer	(၁) လုံး
(ဃ)	LCD Projector (With Screen)	(၁) စုံ
(င)	Laser Jet Printer	(၄) လုံး
(စ)	Inkjet Printer	(၂) လုံး
(ဆ)	Dot Matrix Printer	(၃) လုံး
(ဇ)	Paper Shredder	(၅) ခု

၂။ တင်ဒါပိတ်ရက်မှာ ၁၅-၁၂-၂၀၀၈ရက်ဖြစ်ပြီး တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်တွင် တစ်စုံလျှင် ငွေကျပ် ၃၀၀၀နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းအမှတ်-၀၆၇-၄၀၉၁၆၄ နှင့် ၀၆၇-၄၀၉၁၆၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန။



၂၂-၁၁-၂၀၀၈နှင့် ၂၃-၁၁-၂၀၀၈ရက်စွဲထုတ် မြန်မာ့အလင်း သတင်းစာနှစ်စောင်ပါ "မိခင်အမည်မှန်" ဖော်ပြကြေညာချက်နှစ်ရပ်နှင့်ပတ်သက်၍

ပြန်လှန်ကြေညာချက်

ကျွန်ုပ်တို့၏ အမှုသည်တစ်ဦးဖြစ်သော အငြိမ်းစားရဲမှူးထမ်း ဦးတင်လှ ၁၂/ကမရ(နိုင်)၀၂၇၉၀၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါပြန်လှန်ကြေညာချက် ပြုအပ်သည်မှာ-

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ၁၀-ရပ်ကွက်၊ အင်းလျားလမ်း၊ ခြံအမှတ်-၄၄(ဘီ)နေ ကွယ်လွန်သူ ဒေါက်တာနော်မာစော(ခ)ဒေါ်ခင်မြနွယ်(ခ)ဒေါ်ခင်မြသွယ်မှာ အငြိမ်းစားရဲမှူးထမ်း ဦးတင်လှ၏ ဇနီးဖြစ်ပါသည်။ ၄င်းတို့တွင် မည်သည့်သားသမီး တစ်ဦးတစ်ယောက်မျှ ထွန်းကားမှုမရှိခဲ့ပါ။

အဖ ဦးကျော်ငြိမ်း၏သမီး ဒေါ်မြမြအေး ၁၂/ကမရ(နိုင်)၀၂၇၈၉၉ ဆိုသူမှာ ဒေါက်တာနော်မာစော(ခ)ဒေါ်ခင်မြနွယ်(ခ)ဒေါ်ခင်မြသွယ်၏ သမီးမဟုတ်ပါ။ မည်သို့မျှလည်း မသက်ဆိုင်ပါ။ ဒေါ်မြမြအေးသည် အဖ ဦးကျော်ငြိမ်း၊ အမိ ဒေါ်ခင်ကြည်တို့၏ သမီးတစ်ဦးသာဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဓနုဖြူ-ဦးစိုးမြင့်	**ဒေါ်ခင်ဝင်းမြင့်**	**ဒေါ်လှဲလှဲဝင်းဟန်**
(စဉ်-၁၅၁၃)	**(စဉ်-၅၈၃၃)**	**(စဉ်-၆၁၆၃)**
B.A(Law), LL.B	**LL.B**	**LL.B**

၉/၁၁၊ ၁၀၁(အေ)၊ ၃၆-လမ်း(လမ်းတို)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၃၈၅၅၉၄၊ ၀၉-၅၁-၅၀၄၁၈။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ရွှေနှင်းဆီ

ဆံပင်၊ မိတ်ကပ်အလှပြင် သင်တန်းကျောင်း ဘာသာစုံ ကျပ်နှစ်သိန်း၊

လှည်းတန်း၊ ကမာရွတ်

ဖုန်း-၅၃၇၂၉၄၊ ၀၉-၅၁-၆၉၇၃၆။

ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးအောင်လိတ် ပိုင်ဆိုင်သည့် ထော်လာဂျီ အမှတ်-၉ဌ/၆၃၆၄၏ ပုံစံ-၁ အစိမ်းစာရွက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဦးအောင်လိတ် ၁/ဗမန(နိုင်)၀၃၅၃၂

ကုန်းမဟတ်ကျေးရွာ၊ ဗန်းမော်မြို့။

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးဖြစ်သူ ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ ၃ရပ်ကွက်၊ ၃၅လမ်း၊ အမှတ် ၁၆၆၊ တတိယထပ် (၂၅ပေ×ပေ၅၀)ရှိ အခန်းဥပစာကို အခန်းပိုင်ရှင်ဖြစ်သူ ဦးအောင်သူရွှေ ၁၂/ဒဂန(နိုင်) ၀၂၁၂၆၈ ထံမှ အပြီးအပိုင်ဝယ်ယူရန် အရောင်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်၍ အထက်ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်သော အခန်းနှင့်ပတ်သက်၍ ကန့်ကွက်အရေးဆိုလိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်မာသော အထောက်အထားများ တင်ပြလျက် ယခုကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သော ခုနစ်ရက်အတွင်း အရေးဆိုကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို အပြီးအပြတ် ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်ထွန်း(Johnian)

တရားရုံးချုပ်ရှေ့နေ(၁၁၇၃/၇၁)နှင့်

မြဝတီဘဏ်အကျိုးဆောင်၊ အမှတ် ၆၀၊ ပထမထပ်၊

မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အောက်တိုဘာ ၂၉ရက်က ကလေးမြို့အဝင် မြင်းကကျေးရွာအနီး မြေခင်းအလှပြုပြင်ခြင်းလုပ်ငန်းကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်း၊ တံတား(ငွေလုံးငွေရင်း)လုပ်ငန်းဖြစ်သော ဘောင်းဒွတ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းကျော်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ကျွန်းတောမြို့ပတ်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းရန် ကျောက်များစုဆောင်းထားရှိမှုကို အောက်တိုဘာ ၂၂ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်သန်း၊ ဦးစီးအရာရှိ ဦးကျော်သူလတ်၊ လက်ထောက်အင်ဂျင်နီယာ ဦးငွေစိုးနှင့် အမှတ် (၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်သောင်းတို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပေါင်းလောင်းရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်း၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့ကို ဆက်သွယ်ထားသည့် ပျဉ်းမနား-ပင်လောင်းလမ်းရှိ မိုင်တိုင်အမှတ် ၈ မိုင် ၇ ဖာလုံ၌ လုပ်ငန်းဆောင်ရွက်နေမှု၊ ရေပြောင်းပြန်-ကျောက်သံပတ်-လွဲကြီးလမ်းဆုံရှိ လမ်းပိုင်းကြံ့ခိုင်မှု၊ လမ်းညွှန်မှတ်တိုင်များ စိုက်ထူထားရှိမှု၊ လွဲကြီးရွာမကျေးရွာ မိုင်တိုင်အမှတ် ၄၅/၄ ဖာလုံ၌ အရှည်ပေ ၁၆၀ ရှိ ဘေလီအမျိုးအစား လွဲကြီးတံတား၏ ကြံ့ခိုင်မှုအခြေအနေနှင့် လွဲကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်သည် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) စီမံကိန်း အရှည် ၇/၂ မိုင်ရှိ ကိုးကွေ့-ပေါင်းလောင်းချောင်းလမ်း၏ မိုင်တိုင်အမှတ် ၀/၀ မိုင်မှ ၂/၄ မိုင်အထိ လမ်းအပိုင်း ဆောင်ရွက်ပြီးစီးမှုနှင့် ပျဉ်းမနား-ပင်လောင်းလမ်းအပိုင်း၊ ကင်းသာ-ကိုးကွေ့လမ်းအပိုင်း အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❐

၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု စာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း(ဦးကြည်အေး) ရရှိ

နေပြည်တော် နိုဝင်ဘာ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်ကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် **စာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း (ဦးကြည်အေး)** အား ၂၀၀၇ ခုနှစ်အတွက် **"အမျိုးသားစာပေတစ်သက်တာဆု"** ကို ရွေးချယ်ချီးမြှင့်လိုက်သည်။

အဆိုပါဆုကို **၂၀၀၈ခုနှစ် ဒီဇင်ဘာလ ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ**တွင် နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမကြီး၌ ကျင်းပမည့် ၂၀၀၇ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၀၇ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီးဖြစ်ရာ အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခြင်းခံရသော စာအုပ်များနှင့် စာရေးဆရာများ၏အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ ထုတ်ပြန်ကြေညာသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✳

မြန်မာ့အလင်း အာကာသသိပ္ပံ



နေမှ အပူစွမ်းအင် ထုတ်လွှတ်မှု လာမည့် နှစ် ၅၀ ၌ အားအနည်းဆုံးဖြစ်မည်

နေမှ အပူစွမ်းအင်ထုတ်လွှတ်မှုသည် လာမည့်နှစ် ၅၀ ခန့်တွင် အားအနည်းဆုံးအနေအထားသို့ ရောက်ရှိသွားမည်ဖြစ်ကြောင်း ဗြိတိသျှ သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

သတင်းအချက်အလက်

အာကာသအတွင်း လွှတ်တင်ထားသော အုလီဆက်စ်ဂြိုဟ်တုများမှ ရရှိသောအချက်အလက်များအပေါ် ၁၈ နှစ်ကြာ သုတေသနပြုခဲ့ပြီးနောက် ယခုကဲ့သို့ ထုတ်ဖော်ပြောကြားလိုက်ခြင်းဖြစ်သည်။ အဆိုပါအချက်အလက်များမှာ နေဂြိုဟ်အပါအဝင် အခြားဂြိုဟ်နှင့် ကြယ်တာရာများ၏ အနီးကပ်ဆုံးဝန်းကျင်တွင် ဖြစ်ပေါ်ခဲ့သော ပြောင်းလဲမှုဆိုင်ရာ သတင်းအချက်အလက်များဖြစ်သည်။

အပူစွမ်းအင်လျော့ကျ

ထိုသို့ နေဂြိုဟ်မှ အပူစွမ်းအင်လျော့ကျမှုကြောင့် နေစကြာဝဠာတစ်ခုလုံးတွင် ပြောင်းလဲမှုဖြစ်စဉ် အများအပြား ဖြစ်ပေါ်လာပြီး အကျိုးသက်ရောက်မှုများ ရှိလာမည်ဖြစ်ကြောင်းလည်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ပြောင်းလဲသွားမည်

နေစွမ်းအင်လျော့ကျမှုကြောင့် နေဂြိုဟ်၏ ဂုဏ်သတ္တိလည်း ပြောင်းလဲသွားမည်ဖြစ်သလို နေဂြိုဟ်နှင့် အနီးကပ်ဆုံး အာကာသပထဝီအနေအထားမှာလည်း အကွာအဝေးကီလိုမီတာ ဘီလီယံပေါင်းများစွာအထိ ရိုက်ခတ်ပြောင်းလဲသွားမည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရရှိသည့် ပုဂ္ဂိုလ်များ

၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု စာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း(ဦးကြည်အေး)

၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေဆုရသူများ

စဉ်	ဘာသာရပ်	စာအုပ်အမည်	ရေးသူ	ထုတ်ဝေသူ
၁	ဝတ္ထုရှည်	တိမ်ယံအိပ်မက် မိုးထက်နရီ	ဆူးငှက်	တရားသစ္စာစာပေ
၂	ဝတ္ထုတိုပေါင်းချုပ်	အိမ်ကလေး ၁၆ လုံး	နေဝင်းမြင့်	ပုဂံစာအုပ်တိုက်
၃	ကဗျာပေါင်းချုပ်	အမေ့အလှ ပန်းအလှ	သန်းအောင်(အညာမြေ)	စာပေဗိမာန်
၄	စာပဒေသာ	ဘွားဦးဇွန်း	တက္ကသိုလ်စိန်တင်	ညောင်ရမ်းစာအုပ်တိုက်
၅	မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ	နံရံပန်းချီမှပြောသော ပုဂံခေတ် ပုံရိပ်များ	စန္ဒာခင်	ယဉ်ကျေးမှုဝန်ကြီးဌာန
၆	ကလေးစာပေ	မင်္ဂလာနံနက်ခင်း ကလေးကဗျာများ	မောင်မြင့်ထွန်း	ပန်းဝေဝေစာပေ
၇	လူငယ်စာပေ	ကြိုးကြာတောင်ပံခတ်သံ	လက်ာရည်ကျော်	ယုံကြည်ချက်စာပေ
၈	ဘာသာပြန်(သုတ)စာပေ	လူ့ယဉ်ကျေးမှုသမိုင်း အရှေ့တိုင်းကရသောအမွေ(သုံးတွဲ)	လှိုင်သင်း	ကံ့ကော်ဦးမွန် စာပေတိုက်
၉	ဘာသာပြန်(ရသ)စာပေ	အနက်ရောင် အိပ်မက်စိမ်းမြမေတ္တာ	တင်မောင်မြင့်	ယုံကြည်ချက်စာပေ
၁၀	သုတပဒေသာ(ဝိဇ္ဇာ)	ရတနာဂီရိနိဒါန်း	မောင်သန်းဆွေ(ထားဝယ်)	ရာပြည့်စာပေ
၁၁	သုတပဒေသာ (အသုံးချသိပ္ပံ)	ကျေးလက်စီးပွား ပြည်သူ့အား	ဒေါက်တာချစ်	Digest Media Bank

➤ သတင်းမှတ်စု - မျိုးမင်းသိန်း(မရမ်းကုန်း) ➤ ဓာတ်ပုံမှတ်တမ်း - လေးနွယ်(မင်္ဂလာဒုံ) ➤ စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး

ရန်ကုန် နိုဝင်ဘာ ၂၇

နိုင်ငံတော်၏ ဦးတည်ချက်များနှင့်အညီ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှု အခွင့်အလမ်းများ တစ်ပြေးညီ ပွင့်လန်းလာစေရန် စစ်ကိုင်းတိုင်း အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းကို ကလေးမြို့ ကလေးနည်းပညာတက္ကသိုလ်အဖြစ် အဆင့်ဆင့်တိုးမြှင့်ပေးနိုင်ခဲ့၍ ပြည်ထောင်စု၏ နယ်မြေဒေသအလိုက် အဆင့်မြင့်နည်းပညာရပ်များကို လေ့လာသင်ကြားဆည်းပူးနိုင်ခဲ့ကြပေပြီ။ *စာမျက်နှာ ၈ ကော်လံ ၅* ■